# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၀၆၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❏



**ယနေ့ ဖတ်စရာ**

**မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်**

ဆောင်းပါး စာ ၉





**ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်အားမာန်ဖြင့် အမျိုးသားအားကစားအဆင့်မြင့်မားရေး**

ဆောင်းပါး စာ ၁၀




## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ❖ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးစေလွှတ်ရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေး

❑ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျောင်းသားကျောင်းသူများ လေ့လာရေးခရီးစေလွှတ်ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး **H.E. Mr. Uladzimir Baravikou** တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန သုတေသနစာတမ်းများဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၄**

မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်၌ တတိယအကြိမ်မြောက် မွေးမြူရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို (၁-၄-၂၀၂၅) ရက်တွင် **"Towards Sustainable Food System through Collaboration in Livestock and Aquaculture Research" "စားရေရိက္ခာရေရှည်တည်တံ့ဖူလုံဖို့ သားငါးသုတေသန ပူးပေါင်းဆောင်ရွက်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဈေးကွက်ဝင် တန်ဖိုးမြှင့်မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ၊ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာများ၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ မွေးမြူရေးအခြေပြုလူမှုစီးပွားရေးဆိုင်ရာနယ်ပယ်များမှ သုတေသနစာတမ်းများကို(၂၀-၁၂-၂၀၂၄)ရက်နောက်ဆုံးထား၍ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်နိုးဆော်အပ်ပါသည်။

အသေးစိတ်ကို ဦးစီးဌာန Website လိပ်စာ https://www.dlar.moali.gov.mm တွင် လည်းကောင်း၊ ဒေါက်တာဆောဘောမ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၉၂၅၀၂၀၅၉၉၉၀၊ email sawvetdlar@gmail.com သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းလျက်ရှိမှုအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှာလ်ဘန်းကာရာအော်လ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍအပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်အသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမဖြစ်ပေါ်စေရေးနှင့်စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က ထိန်းကျောင်းကြပ်မတ်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၄၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ပိုးသတ်ဆေး နည်းပညာကော်မတီအဖွဲ့ ခေါင်းဆောင်များ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တိတိကျကျဆောင်ရွက်**

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် အားလျော်စွာ စိုက်ပျိုးထုတ်ကုန်များ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် ပိုးမွှားကာကွယ်ရေးလုပ်ငန်းများတွင် အရေးပါသည့် ပိုးသတ်ဆေးများ အရည်အသွေးပြည့်မီရေး၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမဖြစ်ပေါ်စေရေးနှင့် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က ထိန်းကျောင်းကြပ်မတ်ပြီး ပိုးသတ်ဆေးဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိသူများ၊ ဖောက်ဖျက်ကျူးလွန်သူများ လျော့နည်း ပပျောက်သွားသည်အထိ ပိုးသတ်ဆေးဥပဒေ ဥပဒေလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ထားသည့်အတိုင်း အရေးယူဆောင်ရွက်မှုများ တိတိကျကျဆောင်ရွက်ရန် လိုအပ်ကြောင်း။

ရေရှည်တွင် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေးများ လျှော့ချသုံးစွဲနိုင်ရေးအတွက် မှျတသော ဂေဟစနစ်ကိုအခြေခံသည့် စိုက်ပျိုးထုတ်လုပ်မှု ထွန်းကားလာစေရေး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းများကို အပြည်ပြည်ဆိုင်ရာ (Food Safety Standard) များနှင့်အညီ ညီညွတ်စေရေး လေ့လာ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဝင်များအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။



**၁၄၆ မျိုးအား မှတ်ပုံတင်ခွင့်ပြု**

ထို့နောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူးက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၄) ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၁၄၆ မျိုးအား မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရေး တင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၃)ကြိမ်မြောက် အစည်းအဝေးပြီးဆုံးသည့် ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၄၂၈၇ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# တွံတေး၌ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဖြင့် အဘိုးအဘွားများအား ထောက်ပံ့

**တွံတေး ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ဘုရားငုတ္တို (တောင်) ကျေးရွာနှင့် မရမ်းတပင်ကျေးရွာတို့တွင် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဖြင့် အသက်(၇၅)နှစ်အထက် အဘိုးအဘွားများအား ထောက်ပံ့ပေးအပ်ခြင်းနှင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာများ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးနှင့် တွံတေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းရီနှင့် အဖွဲ့ဝင်များက ဘုရားငုတ္တို(တောင်)ကျေးရွာရှိ အသက်(၇၅)နှစ်အထက် အဘိုးအဘွားခြောက်ဦး၊ မရမ်းတပင်ကျေးရွာရှိ အဘိုးအဘွားနှစ်ဦး စုစုပေါင်း ရှစ်ဦးတို့အား ဆန်နှင့်အလှူငွေကျပ် ၃၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဘုရားငုတ္တို(တောင်)ကျေးရွာအုပ်စုတွင် အမျိုးသမီးများ စကားဝိုင်းကို ကျင်းပခဲ့ကြောင်း သိရသည်။

**တွံတေးသား**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့ အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။





**အမြင့်ဆုံးအောင်မြင်မှုကိုမျှော်မှန်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ဖြစ်သော **"အားကစား တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်များကို မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်း"** ဆိုသည့်အချက်ကို အလေးအနက်ထားမှတ်သားဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှု၊ နည်းစနစ်ကျနမှု၊ စည်းကမ်းလိုက်နာမှုနှင့် အသင်းအဖွဲ့ စိတ်ဓာတ် (Team Work) ရှိမှုများသည် ပြိုင်ပွဲအောင်မြင်မှုအတွက် အရေးကြီးသဖြင့် အကောင်းဆုံးပြင်ဆင်၍ အမြင့်ဆုံးအောင်မြင်မှုကို မျှော်မှန်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများအနေဖြင့် တစ်ဦးချင်း ကျန်းမာရေး၊ ထိခိုက်ဒဏ်ရာရမှုမရှိစေရေးတို့ကို ဂရုစိုက်ရန် မှာကြားပြီး အားကစားအသင်းအောင်နိုင်ရေးအလံကို ပေးအပ်သည်။ **(အပေါ်ပုံ)**

**၁၀၃ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ဘောလုံး (အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဂေါက်သီးရိုက်နှင့် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး) စသည့် အားကစားနည်းများအတွက် စုစုပေါင်း အားကစားသမား ၁၀၃ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘေးအန္တရာယ်ပြမြေပုံနှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံများ ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဘေးအန္တရာယ်ပြမြေပုံ (Hazard Map) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (Risk Map) များ ရေးဆွဲနိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။



အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြေပုံရေးဆွဲနိုင်ရေး နည်းပညာပိုင်းဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ဒေါက်တာရင်ရင်နွယ်က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုမိုးရာသီကာလအတွင်း တိုင်ဖွန်းရာဂီနှင့် အနောက်တောင် မုတ်သုံလေအားကောင်းခြင်းတို့၏သက်ရောက်မှုများကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဒေသအချို့၌ ရေကြီးရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများမှ နောင်တွင် လျော့ပါးသက်သာစေရေးနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ထိရောက်သည့် ကြိုတင်ပြင်ဆင်နိုင်မှုများ ဆောင်ရွက်စေနိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးက ဆုံးဖြတ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်မှုများနှင့်ပတ်သက်၍ Damage Assessment များ ဆောင်ရွက်ကာ ဒေသအလိုက် ဖြစ်လာနိုင်ခြေရှိသည့် သဘာဝဘေးများကို ဖော်ထုတ်နိုင်ရေးအတွက် Risk Map နှင့် Hazard Map များ ရေးဆွဲပြုစုခြင်းကို ဆောင်ရွက်နိုင်ရန် ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ Hazard Mapping ဆောင်ရွက်နိုင်စေရေး လိုအပ်ချက်များ ဖော်ထုတ်ကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ဌာနအလိုက် ရှိပြီးဖြစ်သည့် အချက်အလက်များကို အသုံးပြု၍ Hazard Map များ ရေးဆွဲနိုင်ရေး ပံ့ပိုးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခင်ကတည်းက ဒေသအလိုက် အချို့သော Hazard Map များ ရှိပြီးဖြစ်သော်လည်း ယခုရာဂီကဲ့သို့ ထူးခြားဖြစ်စဉ်မျိုးကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်လာကြောင်း၊ AI , GIS နှင့် Remote Sensing ကဲ့သို့ ခေတ်မီနည်းပညာများ အသုံးပြုပြီး Hazard Map နှင့် Risk Map များ ဘေးဖြစ်နိုင်ခြေအလိုက် ဆောင်ရွက်ကြရန် ဖော်ထုတ်ရမည် ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာ ရှုထောင့်အလိုက် အကြံပြုဆွေးနွေး အဖြေရှာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က Hazard Mapping ဆောင်ရွက်နိုင်ရန် GIS ကျွမ်းကျင်သူ၊ လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သူများ လိုအပ်မည်ဖြစ်ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာ Mapping ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်အမျိုးအစားအလိုက် လိုအပ်မည့် Data များလည်း ကွာခြားမည်ဖြစ်ကြောင်း၊ Table များဖြင့် ပြုစုထားသည့် Data များ အပြင် Presentation ပြုလုပ်နိုင်မည့် Data များအဖြစ် Geospatial Data များလည်း လိုအပ်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် Map နှင့် Data များ ပေါင်းစပ်ဖော်ပြနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ လိုအပ်သည့် နည်းပညာဆိုင်ရာ အကူအညီများ ရရှိနိုင်ရေးအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများက ဘာသာရပ်အလိုက်၊ လုပ်ငန်းအလိုက် Risk Map နှင့် Hazard Map ရေးဆွဲရာတွင် ဌာနများအလိုက် ရှိပြီးဖြစ်သည့် အချက်အလက်များ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်မှုများ၊ ရရှိနိုင်မည့် အရင်းအမြစ်များနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး အကြံပြုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးမြို့ Art Centre နှင့် မန္တလေးပုံနှိပ်စက်ရုံ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းက မန္တလေးမြို့ Art Centre သို့ရောက်ရှိပြီး တာဝန်ရှိသူများ၊ ဆက်လက်ဆောင်ရွက်မည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တည်ဆောက်ရေးဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေးကာ ရေရှည်ဆောင်ရွက်ရမည်ဖြစ်သော်လည်း ယခုဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်မည့် အခြေခံလိုအပ်ချက်များ ဆက်လက်တည်ဆောက်ရေး ညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန မန္တလေးပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်မှု၊ စက်များပြုပြင်ကြံခိုင်ရေးပြုလုပ်နေမှု၊ ပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။


ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးနှင့် မန္တလေးမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ဌာနများမှ တာဝန်ခံအရာရှိများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ စစ်ကိုင်းဇုန်နယ်မှူးတို့အားတွေ့ဆုံ၍ လုံခြုံရေးကိစ္စ၊ ဝန်ထမ်းရေးရာ ကိစ္စများနှင့် လုပ်ငန်းဆိုင်ရာကိစ္စများ၊ သန့်ရှင်းရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဟန္တိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ် သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။(ယာပုံ)



**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား (၂၅)နှစ် ပြည့် သံတမန်ဆက်ဆံရေး အထိမ်းအမှတ်များ ကျင်းပသွားရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ကဏ္ဍများအပါအဝင် ကဏ္ဍစုံ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ် များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး H.E. Mr. Lei Haicho တို့ နှစ်နိုင်ငံ ကျန်းမာရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးညှိနှိုင်း

**နေပြည်တော် ဒီဇင်ဘာ ၄**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် မြန်မာနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကျန်းမာ ရေးကော်မရှင် ကျန်းမာရေး ဝန်ကြီး H.E. Mr. Lei Haicho ဦးဆောင်သည့်အဖွဲ့နှင့် နှစ်နိုင်ငံ သီးခြားအစည်းအဝေးသို့ တက် ရောက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ်၍ ဆွေးနွေး ခဲ့ကြသည်။(ယာပုံ)

ဆွေးနွေးရာတွင် နှစ်နိုင်ငံ ခေါင်းဆောင်များအနေဖြင့် တိုင်း ရင်းဆေးကဏ္ဍကို အထူးအလေး ပေး ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ ကပ်ရောဂါကာလအတွင်း တရုတ် ပြည်သူ့သမ္မတနိုင်ငံ အစိုးရမှ ဆေး၊ ဆေးပစ္စည်းနှင့် ရောဂါ ကာကွယ်ဆေး အစရှိသည်များ လှူဒါန်းပေးခဲ့မှု အခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ အထောက်အပံ့ဖြင့် နေပြည်တော် တွင် တည်ဆောက်ခဲ့သည့်



Myanmar CDC နှင့် China CDC ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာ နိုင်ငံမှ ဆရာဝန်များ၊ သွား ဆရာဝန်များ၊ သူနာပြုများ၊ Technicians (နည်းပညာရှင်များ) ကို တရုတ်နိုင်ငံသို့ စေလွှတ်၍ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ သင်တန်း များ ပူးပေါင်းဆောင်ရွက်ရေး၊ လာမည့် (၂၀၂၅) ခုနှစ်တွင် ကျရောက်မည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက်တွင်လည်း ကျန်းမာရေးကဏ္ဍအနေဖြင့် အထူး တက်ကြွစွာ ပူးပေါင်းဆောင်ရွက် သွားမည့်ကိစ္စရပ်များကို နှစ်ဦး နှစ်ဖက် အပြန်အလှန် ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးပြောကြား ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီး ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ကျန်းမာရေးကော်မရှင် ကျန်းမာ ရေးဝန်ကြီး တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကိုယ်စားပြု အားကစားသမားများထံ အောင်နိုင်ရေးအလံပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ပါဝင် ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ကိုယ်စားပြု အားကစားသမားများအား အောင် နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယ စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားအသင်း အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမား များ တက်ရောက်ကြပြီး ရန်ကုန်




တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး စာရင်း စစ်ချုပ်ရုံးမှ တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်း စစ်ချုပ်က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရာတွင် အနိုင်အရှုံး ကို အဓိကမထားဘဲ အားကစား နည်းအလိုက် အားကစား စိတ်ဓာတ် အပြည့်အဝထားရှိ၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြ စေလိုကြောင်း၊ အားကစားသမား အချင်းချင်း စည်းလုံးညီညွတ်စွာ ဖြင့် သတ်မှတ်ထားသည့် အားကစားနည်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာ၍ နိုင်ငံ့ဂုဏ်ဆောင် အားကစား သမားများဖြစ်စေရေး အကောင်း ဆုံး ကြိုးစားသွားကြစေလို ကြောင်း ပြောကြားပြီး အားကစား အသင်းများ၏ အဖွဲ့ခေါင်းဆောင် ကို အောင်နိုင်ရေးအလံ ပေးအပ် က(ဝဲပုံ) အားကစားပစ္စည်း၊ ဆေးဝါးနှင့် အားဖြည့်အစားအစာ များကို ဆက်လက်ပေးအပ်ရာ အားကစားနည်းအလိုက် အသင်း ခေါင်းဆောင်များက လက်ခံရယူ ကြသည်။

ပဉ္စမအကြိမ် အမျိုးသား အားကစား ပွဲတော်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပြေးခုန်ပစ် (အမျိုးသား/အမျိုး သမီး)၊ ဖူဆယ်(အမျိုးသား)၊ တန်းကျော်ပြေး (မီတာ ၂၀၀၊ မီတာ ၄၀၀)၊ သံလုံးသံပြားဝိုင်းပစ် နှင့် အပြေး (မီတာ ၂၀၀) စသည့် အားကစားနည်းများတွင် အား ကစားအဖွဲ့ဝင် ၂၂ ဦးဖြင့် ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

## ရွှေပညာဒါန (အခမဲ့) သင်တန်းအမှတ်စဉ်(၃၅)၌ ကျောက်မျက်ပညာသင်ကြား

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် ရွှေပညာဒါန (အခမဲ့) ရွှေပညာသင်တန်းအမှတ်စဉ်(၃၅)ကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဒီဇင်ဘာ ၄ ရက်က ကျောက်မျက်ဘာသာရပ်ကို သင်ကြားပို့ချသည်။

အဆိုပါ ကျောက်မျက်ဘာသာရပ်ကို သုခမ္မမဏိဇောတရေ ဦးမောင်မောင်ဆန်း (မောင်မောင်ဆန်း Gems & Jewelery Trading Co.Ltd) နှင့် ကျောက်မျက်ပညာရှင် ဦးဝင်းတင့် (SUMMIT ကျောက်မျက်စစ်ဆေးစမ်းသပ်ခန်း)တို့က ကျောက်မျက်အရည်အသွေး နှင့် အတုအစစ်ခွဲခြားခြင်းတို့ကို သင်ကြားခဲ့သည်။

အဆိုပါ ရွှေပညာဒါနသင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေ ရောင်းဝယ်ခြင်း၊ အခြေခံတွက်ချက်ခြင်း၊ ရွှေပန်းတိမ်၊ ရွှေ၊ ငွေဒင်္ဂါး၊ ရွှေအပေါင်ခံခြင်း ကျောက်မျက်ပညာ၊ အသုံးချရွှေသင်္ချာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း အစရှိသည့် ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအဖွဲ့များ တွေ့ဆုံ






**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၄) ၌ ကျင်းပသည်။

**တက်ကြွစွာ ပါဝင်အားဖြည့်**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယနေ့အချိန်အခါတွင် နိုင်ငံတော်အနေဖြင့် လူမှုရေးဦးတည်ချက် (၃) ရပ် ချမှတ်ပြီး အားကစားကဏ္ဍ တိုးတက်လာရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့်လည်း တက်ကြွစွာ ပါဝင်အားဖြည့် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အဆင့်ကျင်းပသည့် အမျိုးသားအားကစားပွဲတော်တွင် "အနိုင်/အရှုံးသည် ပဓာနမဟုတ်၊ ယှဉ်ပြိုင်ခြင်းသာ အဓိက" ဟူသော အားကစားစိတ်ဓာတ်ကို အခြေခံ၍ ယှဉ်ပြိုင်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့် အာကစားပြိုင်ပွဲများတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အောင်မြင်မှုအစဉ်အလာ များစွာရှိခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်နိုင်စေရေးနှင့် နိုင်ငံတော်အတွက် ထူးချွန်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အောင်ပန်းဆွတ်ခူးရရှိနိုင်စေရန် ဆန္ဒပြုတိုက်တွန်းကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့တစ်ခုချင်းစီ၏ အုပ်ချုပ်သူများက ကြိုးပမ်းလေ့ကျင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**၁၁၅ ဦး ပါဝင်ယှဉ်ပြိုင်**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်းခြောက်မျိုးတွင် အာကစားသမား ၁၁၅ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပညာရေးဝန်ကြီးဌာန အားကစားအဖွဲ့ အောင်နိုင်ရေးအလံအပ်နှင်း

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပညာရေးဝန်ကြီးဌာန အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး)၊ ဘောလုံး (အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား/ အမျိုးသမီး) အားကစားနည်း ခြောက်မျိုးလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြနှင့် ကစားသမားအင်အား စုစုပေါင်း ၁၅၅ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝသော အားကစားသမားများက အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပြိုင်ပွဲများအားလုံးကို တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်ပြီး ကြိုးပမ်းမှုနှင့် ထိုက်ထိုက်တန်တန် အောင်မြင်မှုများ ဆွတ်ခူးရရှိနိုင်မည်ဟုယုံကြည်ပါကြောင်း၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် မဆုတ်မနစ်သော ဖွဲ့လုံ့လဝီရိယများနှင့် လေ့ခွက်ချည်းကျန် အလံမလှဲ အားသွန်ခွန်စိုက် ကြိုးပမ်းပါဝင်ယှဉ်ပြိုင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး ပညာရေးဝန်ကြီးဌာန အားကစားအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း ကို အောင်နိုင်ရေးအလံ အပ်နှင်းသည်။(ဝဲပုံ)

ဆက်လက်၍ အားကစားအဖွဲ့များခေါင်းဆောင် ဒေါက်တာတင်ထွန်းက အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြစ်အတွင်း အမှိုက်များစွန့်ပစ်မှုမရှိစေရေး အမှိုက်ပုံးများထောက်ပံ့

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြစ်အတွင်း အမှိုက်များစွန့်ပစ်မှုမရှိစေရေး၊ မြို့တော်သန့်ရှင်းသာယာလှပစေရေး၊ ခရီးသွားပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်စေရေးအတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲသို့ အမှိုက်ပုံးများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး(ရုံးချုပ်)၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ မြစ်ဝကျွန်းပေါ်ဌာနခွဲသို့ ရန်ကုန်မြစ်အတွင်း အမှိုက်များ စွန့်ပစ်မှုမရှိစေရေး၊ မြို့တော်သန့်ရှင်းသာယာလှပစေရေး၊ ခရီးသွားပြည်သူများ စနစ်တကျ အမှိုက် စွန့်ပစ်နိုင်ရေးအတွက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲသို့ ရေယာဉ်များပေါ်တွင် လိုအပ်သည့် အမှိုက်ပုံးများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ အများပြည်သူများ၊ အမှိုက်များစွန့်ပစ်နိုင်မည့် အနီးအနားနေရာများ၌ အမှိုက်ပုံးများ စနစ်တကျထားရှိရန်နှင့် ဆိပ်ကမ်းများတွင် အမှိုက်စွန့်ပစ်မှု မရှိစေရေးအတွက် အမှိုက်မစွန့်ပစ်ရ ဆိုင်းဘုတ်များ စိုက်ထူရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက အမှိုက်ပုံး ၆၆ ပုံးကို ထောက်ပံ့ပေးအပ်ပြီး(ဝဲပုံ) ဦးဆောင်ညွှန်ကြားရေးမှူး ဦးကရင်လဂျာက ကျေးဇူးတင်စကား ပြောကြားသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ် လမုဝကျေးရွာ၌ ကျေးရွာဆိပ်ခံတံတား တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး

**ဒေးဒရဲ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် လမုဝကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၀ ဖြင့် အောင်ပိုင်နေလင်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာဆိပ်ခံတံတား တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။


အဆိုပါ တံတားတည်ဆောက်နေမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထက်အောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များက ကြည့်ရှုစစ်ဆေးခဲ့ပြီး ယင်းတံတားမှာ ၂၀၂၄ ခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်၍ ဆောက်လုပ်လျက်ရှိကာ အရှည် ပေ ၂၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၁၂ ပေရှိကြောင်း သိရသည်။

**သိဒ္ဓိအောင်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် (မြန်မာ – ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ)သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban KARA– OOL ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများနှင့် စပ်လျဉ်း ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာကောင်းများ၊ မြန်မာနိုင်ငံတွင်ကျင်းပမည့်ရွေးကောက်ပွဲနှင့် ပတ်သက်၍ ရုရှားနိုင်ငံမှ နိုင်ငံတကာလေ့လာသူအဖြစ် ပါဝင်အကူအညီပေးရေး၊ ရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသည့် အလေ့အကျင့်များကို မျှဝေကူညီဆောင်ရွက်သွားမည့် အစီအစဉ်များတွင် ရုရှားဘာသာစကားပြန်များ ကူညီပံ့ပိုးပေးရန်နှင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ အပြန်အလှန် အကူအညီပေးရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာ – ရုရှား ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander AZIZOVနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဟန္တီဝင်းမြို့ အခြေစိုက်၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး H.E. Mr. Uladzimir Baravikou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် သံအမတ်ကြီးတို့သည် မြန်မာ–ဘယ်လာရုစ် သံတမန်ဆက်ဆံရေး စတင်တည်ထောင်မှု (၂၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) ပရဝဏ်အတွင်း စိုက်ပျိုးကြသည်။

ထို့နောက် နှစ်ဖက်တွေ့ဆုံ၍ မြန်မာ–ဘယ်လာရုစ် သံတမန်ဆက်ဆံရေး စတင်တည်ထောင်မှု (၂၅) နှစ်ပြည့် အထိမ်းအမှတ်ကျင်းပသွားနိုင်ရေး၊ နှစ်နိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်များအကြား ခရီးစဉ်များ စီစဉ်ကာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားနိုင်ရေး၊ မြန်မာ–ဘယ်လာရုစ် ချစ်ကြည်ရေး မြှင့်တင်ဆောင်ရွက်ရေး စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Naypyitaw State Academy (NSA)၌ “Russia and friendly countries in multipolar world ” ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချ

**နေပြည်တော် ဒီဇင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr. Sholban Kara–Ool သည် ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy (NSA) မှ ကျောင်းသား ကျောင်းသူများအား “Russia and friendly countries in multipolar world” ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချသည်။

အဆိုပါ သင်ခန်းစာပို့ချမှုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်နှင့် ဒေါက်တာစိုးစိုးအောင်၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး၊ ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်၍ နိုင်ငံ၏ အကျိုးစီးပွားကို မြှင့်တင်ရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေး တိုးတက်စေရန် နှစ်နိုင်ငံအကြား မဟာဗျူဟာကြသည့် စီမံကိန်းများကို အကောင်အထည်ဖော်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရုရှားနိုင်ငံရှိ တက္ကသိုလ်ကျောင်းများတွင် ဘွဲ့လွန်သင်တန်းများ၊ ဘာသာစကားသင်တန်းများ တက်ရောက်နိုင်ရေး၊ ရုရှားနိုင်ငံမှ ကျောင်းသား ကျောင်းသူများကိုလည်း မြန်မာနိုင်ငံရှိ တက္ကသိုလ်ကျောင်းများသို့ နှစ်နိုင်ငံအပြန်အလှန် ပညာတော်သင်များ စေလွှတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး “Russia and friendly countries in multipolar world ” ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချရာ တက်ရောက်ကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားသည်။





ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara–Ool Naypyitaw State Academy (NSA)၌ “Russia and friendly countries in multipolar world ” ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချစဉ်။



ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီအား နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။(ဝဲပုံ)

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**

# မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက နယ်မြေခံ တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ် တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်

ကိုညဏ်လေး (စေရာမြေ)

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ပါရာဂွေးနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် UNESCO (United Nations Educational, Scientific and Cultural Organization) ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာညီလာခံ (Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage) ၌ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား မြန်မာတို့၏ ကိုယ်ပိုင်ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် မဲခွဲအတည်ပြုဆုံးဖြတ်ကြရန် စီစဉ်ထားကြောင်း ကြားသိရပါသည်။ အတာသင်္ကြန်ပွဲတော်ဟူသည် ရှေးနှစ်ထောင်ပေါင်းများစွာမှသည် ယနေ့တိုင်အောင် နှစ်စဉ်မပျက်မကွက် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာ နှစ်သစ်ကူး ပွဲတော်တစ်ခုပင် ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း မြန်မာတစ်မျိုးသားလုံးအပါအဝင် ကမ္ဘာလှည့်ခရီးသွားများ၊ လူမျိုး၊ ဘာသာ၊ လူတန်းစားမရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြသည့် ကမ္ဘာသိရိုးရာပွဲတော်တစ်ခုဖြစ်ပါသည်။



**ဆွဲဆောင်စရာ ကမ္ဘာသိပွဲတော်တစ်ခုဖြစ်လာအောင် စီမံဆောင်ရွက်ခဲ့ကြ**

အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတွင် အဆိုတင်သွင်းဖြစ်ခဲ့သည့် အကြောင်းရင်းခံမှာ ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ နှစ်သစ်ကူး ဆုန်ခရမ်ပွဲတော်ကို ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ရာမှ အစပြုခဲ့ပါသည်။ ထိုသို့ အသိအမှတ်ပြုခံခဲ့ရပြီးနောက် ၂၀၂၄ ခုနှစ် ဆုန်ခရမ်ပွဲတော်ကို ကျင်းပခဲ့ရာတွင် ထိုင်းနိုင်ငံ **အမျိုးသားယဉ်ကျေးမှုတိုးတက်မြှင့်တင်ရေး မဟာဗျူဟာကော်မတီ (National Soft Power Strategy Committee – NSPSC)** မှ ကြီးမှူး၍ ဘတ်ဂျက်ထိုင်းဘတ်ငွေ ၅ ဒသမ ၁ ဘီလီယံကျော် အသုံးပြု၍ ကျင်းပရန် စီစဉ်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် ခရိုင်အလိုက် ရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်၍ ရေကစားပွဲတော် အခမ်းအနားပေါင်း တစ်သောင်းကျော် ကျင်းပရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ကျင်းပနိုင်ရန်အတွက်လည်း ကျေးရွာအလိုက်ဒေသခံများကို ပွဲတော်များဦးစီးကျင်းပနိုင်ရေး သင်တန်းများပေး၍ ဆုန်ခရမ်ပွဲတော်ကို ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စရာ ကမ္ဘာသိ ပွဲတော်တစ်ခုဖြစ်လာအောင် စီမံဆောင်ရွက်ခဲ့ကြပါသည်။

ထိုကိစ္စနှင့် ပတ်သက်၍ မြန်မာပြည်သူလူထုအကြားတွင် "တို့မြန်မာသင်္ကြန်ပွဲကို အစိုးရကရော ယူနက်စကို မတင်ဘူးလား"၊ "သင်္ကြန်ဆိုတာ တို့နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်လေ" စသည်ဖြင့် ဝေဖန်မှုများစွာ ပေါ်ပေါက်လာခဲ့ပါသည်။ ပြည်သူပြည်သားအများစု စိုးရိမ်ပူပန်ကြခြင်း၊ ဝေဖန်ကြခြင်းသည် မိမိယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုသည့် ပြင်းပြသော အမျိုးသားရေးစိတ်ဓာတ်ကို ညွှန်ပြနေသဖြင့် ကောင်းသည့် လက္ခဏာတစ်ရပ်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါသည်။သို့သော် ထိုဖြစ်စဉ်တွင် ပြည်သူလူထုအတွင်းတွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ (Intangible Cultural Heritage – ICH) နှင့်ပတ်သက်၍ အသိပညာ ဗဟုသုတများ ပြန့်ပွားမှုအားနည်းနေသည့် အချက်ကို စိုးရိမ်ဖွယ်အချက်တစ်ခုအဖြစ် တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် ဤဆောင်းပါးတွင် မြန်မာ့ရိုးရာ အတာသင်္ကြန်နှစ်သစ်ကူး ပွဲတော်ကို ယူနက်စကိုသို့ အဆိုပြုတင်သွင်းခဲ့ပုံအဆင့်ဆင့်နှင့် အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း မည်သို့မည်ပုံ စာရင်းတင်သွင်းရမည်ဆိုသည့် အကြောင်းကို ဦးစားပေး တင်ပြသွားပါမည်။

**မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို စာရင်းဝင်ရန်ဆောင်ရွက်**

ပြည်သူအများစု မသိရှိသောအချက်မှာ ထိုင်းနိုင်ငံ၏ ဆုန်ခရမ်ပွဲတော်ကို ICH (Intangible Cultural Heritage) ဟူသည့် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ယူနက်စကိုသို့ တင်ပြရာတွင် မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ဆွဲယူတင်သွင်း၍ မရဘဲ ထိုင်းနိုင်ငံတွင် နှစ်စဉ်ဆင်နွှဲလေ့ရှိသည့် ရိုးရာပွဲတော်တစ်ခုအနေဖြင့်သာ တင်သွင်းခဲ့သည့် အချက်ပင်ဖြစ်သည်။ သို့သော် ပြည်သူအများစု၏ ဝေဖန်အကြံပြုမှုများအပြင် မိမိတို့နိုင်ငံ၏ ရိုးရာဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust – MCHT) မှ ကမကထပြုကာ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုးသည့် အသိ၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ Living Myanmar Media Group နှင့် Ko Hein's Vlog ကဲ့သို့သတင်းနှင့် လူမှုကွန်ရက်မီဒီယာ လုပ်ငန်းများနှင့် စိတ်ပါဝင်စားသူပြည်သူများ ပူးပေါင်း၍ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကိုလည်း ယူနက်စကို၏ ICH စာရင်းဝင်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း ကြားသိရပါသည်။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (MCHT) သည် Living Myanmar Media Group၊ Ko Hein's Vlog စသည့် သတင်းမီဒီယာများနှင့် ပူးပေါင်းကာ မြန်မာ့ရိုးရာ အတာသင်္ကြန်သည် ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့အထိ မြန်မာတစ်မျိုးသားလုံး ပါဝင်ဆင်နွှဲလျက်ရှိသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ အတာသင်္ကြန်ပွဲတော် ကျင်းပရန် မြန်မာ့ရိုးရာ ပြက္ခဒိန်တွင် နှစ်သစ်ကူးကာလကို တွက်ချက်ခြင်း၊ သမိုင်းစာပေ အထောက်အထားများ၊ အကြိုနေ့မှအတက်နေ့အထိ ရေသဘင်ပွဲတော်ကို တစ်နိုင်ငံလုံးတွင် ပျော်ရွှင်စွာ ကျင်းပပုံများနှင့် သင်္ကြန်ပွဲတော်တွင် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံအရ ကျွေးမွေးညှော်ခံကြပုံ၊ ဘေးမဲ့လွှတ်ကြပုံ၊ သက်ကြီးဘိုးဘွားများကို ပြုစုစောင့်ရှောက်ကြပုံ၊ ဥပုသ်သီတင်းသီလဆောက်တည်၍ အလှူဒါနပြုကြပုံများ စသည်ဖြင့် သက်ဆိုင်သော အချက်အလက်များကို စုဆောင်း၍ မြန်မာရိုးရာနှစ်သစ်ကူးသင်္ကြန် (ရေသဘင်ပွဲတော်) ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် တင်သွင်းရန်အတွက်အဆိုပြုလွှာကို ၂၄-၃-၂၀၂၃ ရက်နေ့တွင် Living Heritage Entity Culture Sector (France) သို့ DHL ဖြင့် ပေးပို့ခဲ့ကြောင်း သိရှိရပါသည်။

**မေးခွန်းနှစ်ခုအား အင်္ဂလိပ်၊ ပြင်သစ် နှစ်ဘာသာဖြင့် ရေးသားဖြေဆိုပေးပို့**

ထိုသို့ပေးပို့ရာတွင် အဆိုပြုလွှာအပြင် သင်္ကြန်ပွဲတော်နှင့် သက်ဆိုင်သော အချက်အလက်များကို ၁၀ မိနစ်ထက်မကျော်သည့် အင်္ဂလိပ်စကားပြောမှတ်တမ်းရုပ်သံအဖြစ် ဖန်တီးကာ ပေးပို့ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖန်တီးရာတွင် လူမှုကွန်ရက် မီဒီယာများတွင် တစ်နိုင်ငံလုံးရှိ မြန်မာပြည်သူများ သင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပုံ ရုပ်သံအစစ်အမှန်များကိုသာ လူမှုကွန်ရက်တွင် ရှာဖွေစုဆောင်း၍ ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း Living Myanmar Media ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ထို့နောက် ၂၆-၉-၂၀၂၃ ရက်နေ့တွင် Community voice ဟုခေါ်သည့် အသိပညာရှင် အတတ်ပညာရှင် ပြည်သူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ထောက်ခံချက်နှင့် အသံဖိုင်ကို ထပ်မံပေးပို့ခဲ့ကြောင်း သိရှိရပါသည်။ ၅-၈-၂၀၂၄ ရက်နေ့တွင် ယူနက်စကိုမှ ထပ်မံမေးမြန်းလာသည့် မေးခွန်းနှစ်ခုအား အင်္ဂလိပ်၊ ပြင်သစ် နှစ်ဘာသာဖြင့် ရေးသားဖြေဆို၍ ၅-၈-၂၀၂၄ ရက်နေ့တွင် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိပါသည်။

မြန်မာပြည်သူအများစု မသိရှိသည့် အချက်မှာ ထိုသို့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအတွက် အဆိုပြုတင်သွင်းရာတွင် ယူနက်စကိုအနေဖြင့် အစိုးရ မဟုတ်သော အရပ်ဘက်ယဉ်ကျေးမှု၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူတို့၏ ကိုယ်တိုင်တင်ပြလျှောက်ထားချက်များကိုသာ လက်ခံ၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ယူနက်စကို၏ စည်းမျဉ်းများအရ အစိုးရအနေဖြင့် တိုက်ရိုက် လျှောက်ထားလုပ်ကိုင်၍ မရသဖြင့် အစိုးရဌာနဆိုင်ရာများသည် တင်ပြလျှောက်ထားရာတွင် လိုအပ်သော အချက်အလက်များကိုကူညီ၍ ရှာဖွေ

- မြန်မာ့တိုင်းရင်းသား မျိုးနွယ်တို့၏ မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းကြသည့် ရိုးရာဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ပြပွဲများပြုလုပ်ခြင်း၊ ပြတိုက်များတွင် ပြသခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခြင်းကဲ့သို့ နည်းလမ်းများဖြင့် ရိုးရာယဉ်ကျေးမှုကို ဆက်လက်ရှင်သန်အောင် အားပေးဆောင်ရွက်ကြရန် လိုအပ်
- မိမိတို့၏ ဒေသနှင့် ဓလေ့ထုံးစံများအလိုက် ထိန်းသိမ်းစောင့်ရှောက်ရမည့် ဒြပ်မဲ့ယဉ်ကျေးမှုများကို ဒေသအဆင့်မှ နိုင်ငံတော်အဆင့်၊ ထိုမှတစ်ဆင့် ကမ္ဘာ့အမွေအနှစ်အဆင့်အထိရောက်အောင် တက်လှမ်းရာတွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍသည်သာ အခရာဖြစ်

*စာမျက်နှာ ၁၁ သို့*

# ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်အားမာန်ဖြင့် အမျိုးသားအားကစားအဆင့်မြင့်မားရေး

**ရဲလွင်အောင်(စီ/သု)**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ငြိမ်အေးချမ်းလျက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ဦးတည်လျက် ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်အနက် နိုင်ငံသားအားလုံး သက်ရှည်ကျန်းမာစေရေးအတွက် လူမှုရေးဦးတည်ချက် ဒုတိယအချက်တွင် **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ဟူသော အချက်ကို ထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အဆိုပါ ဦးတည်ချက် အောင်မြင်ပေါက်မြောက်ရန် အလို့ငှာ အားကစားကဏ္ဍသည် ပဓာနကျကြောင်းဖော်ညွှန်းနေပေသည်။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေး ရည်မျှော်လျက် ၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၆ ရက်နေ့တွင် မြန်မာ အိုလံပစ်အသင်းကြီးကို စတင်ဖွဲ့စည်းပြီး ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်လျက် အပတ်စဉ် စနေနေ့တိုင်း မြန်မာနိုင်ငံတစ်ဝန်း အလွှာပေါင်းစုံမှ ပြည်သူများ လူထုလမ်းလျှောက်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထိုမှတစ်ဆင့် ၁၉၇၄ ခုနှစ်မှစတင်၍ ဒီဇင်ဘာလအတွင်း အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပ၍ အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ၁၉၆၀ မှ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ပြည်သူတို့၏ ကျန်းမာရေး အဆင့်အတန်း ကောင်းမွန်သည့်အပြင် မြန်မာ့အားကစား အဆင့်သည် အရှေ့တောင်အာရှမှသည် အာရှအဆင့်အထိ ထိုးဖောက်နိုင်ခဲ့ကာ ကမ္ဘာ့အဆင့်တိုင် တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါကာလ နောက်ပိုင်းတွင် အကြောင်းကြောင်းကြောင့် လူထုအားကစားလှုပ်ရှားမှု တဖြည်းဖြည်း လျော့နည်းကျဆင်းလာသည့်အတွက် ၁၉၈၉-၁၉၉၀ နှစ်များမှစ၍ နိုင်ငံတော်အစိုးရ လမ်းညွှန်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနက လူထုအားကစားလှုပ်ရှားမှုကို ပြန်လည်ဆောင်ရွက်နိုင်ခဲ့သည်။ ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲနှင့် အလားတူ လွတ်လပ်ရေးနေ့ကဲ့သို့ နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များတွင် ထုပ်ဆီးတိုး၊ လွန်ဆွဲ၊ ချောတိုင်တက် ပြိုင်ပွဲကဲ့သို့ မြန်မာ့ရိုးရာ ပျော်ပွဲရွှင်ပွဲပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

**"ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး"** ဟူသော ဆောင်ပုဒ်နှင့်အညီ ၂၀၁၇-၂၀၁၉ ကာလအတွင်း အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ပြည်နယ်၊ တိုင်းဒေသကြီးအချို့သို့



၂၀၂၃ ခုနှစ် ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပစဉ်။(၃-၁၂-၂၀၂၃)

သွားရောက်၍ Fitness Dance လှုပ်ရှားမှုကို ဒေသခံများနှင့်အတူ တပျော်တပါး ဆင်နွှဲခဲ့သည့်အပြင် ပြည်နယ်၊ တိုင်းဒေသကြီးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ Fitness Dance နည်းပြ သင်တန်းပို့ချပေး၍ ၎င်းတို့၏ မိခင်ဒေသ၊ ဌာနများတွင် ပြန်လည်ဆင့်ပွား သင်ကြားစေခဲ့သည်။ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် National Sports Seminar၊ Healthy Myanmar Seminar နှင့် Physical Education Seminar တို့ကို ကျင်းပနိုင်ခဲ့သည်။ ကိုဗစ်(၁၉) ကမ္ဘာ့ကပ်ရောဂါကျရောက်စဉ် ကာလအတွင်း ၂၀၂၀ ပြည့်နှစ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာန၊ လူထုအား ကစားနှင့် ပညာပေးဌာနခွဲက Online Physical Fitness Dance ပြိုင်ပွဲကို တာဝန်ယူကျင်းပခဲ့ရာတွင် နေပြည်တော်အပါအဝင် ပြည်နယ်၊ တိုင်းဒေသကြီးအားလုံးမှ မြို့နယ်အားကစားမှူးများ၏ အဓိက စည်းရုံးဆောင်ရွက်မှုဖြင့် ကလေး၊ လူငယ်၊ လူကြီး၊ ဉာဏ်ရည်မမီသူများနှင့် မသန်စွမ်းသူများ အပါအဝင် ပြည်သူတစ်ရပ်လုံး တစ်ခဲနက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာတွင် တိုင်းဒေသကြီးများထက် ချင်းပြည်နယ်နှင့် ကယားပြည်နယ်များမှ မြို့နယ်၊ ခရိုင်များက ထူးခြားစွာဆုများ ပိုမိုဆွတ်ခူးခဲ့သည်ကို အမှတ်တရ ဖြစ်ခဲ့ပါသည်။

WHO စစ်တမ်းများအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်း (Life expectancy) မှာ (၆၇ ဒသမ ၇၈)နှစ်မျှသာရှိကြောင်း၊ အရွယ်မတိုင်မီ သေဆုံးမှုများနေကြောင်း၊ ယေဘုယျအားဖြင့် အသက် ၃၀ နှင့် ၆၉ နှစ်ကြား သေဆုံးသူများ၏ ၈၅ ရာခိုင်နှုန်းမှာ မကူးစက်သောရောဂါများကြောင့် ဖြစ်ကြောင်း ဖော်ပြထားသည့်အတွက် ပြည်သူများ ကျန်းမာရေးချို့တဲ့လျှင် နိုင်ငံ့လူ့စွမ်းအားအရင်းအမြစ်များ လျော့နည်းလျက် နိုင်ငံ၏ GDP ပမာဏကိုပါ ထိခိုက်လာမည်ဖြစ်ရာ ပြည်သူများသက်ရှည်ကျန်းမာရေး အတွက် အားကစားကဏ္ဍကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ရည်ညွှန်းနေပေသည်။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး အတွက် အားကစားကဏ္ဍတွင် ထပ်မံတိုးမြှင့်ပြုပြင်ဆောင်ရွက်ရန် အောက်ပါအချက်များ လိုအပ်ကြောင်း အကြံပြုအပ်ပါသည်-

(က) ယခင်ကျင်းပခဲ့ဖူးသော ပြည်သူတို့အတွက် ကျန်းမာရေးအထောက်အကူပြုဆိုင်ရာ ညီလာခံများမှ ထွက်ပေါ်လာသော Outcome ရလဒ်ကို ပြန်လည်သုံးသပ်၍ စနစ်တကျ အကောင်အထည်ဖော်ရန်၊

(ခ) ကိုယ်ပိုင်ပညာသင်ကျောင်းများ အပါအဝင် အခြေခံပညာကျောင်းများတွင် လက်ရှိကာယချိန်များ၌ အမှန်တကယ် ကျောင်းသား ကျောင်းသူများ ပါဝင်လှုပ်ရှားနိုင်မှု ရှိ မရှိ သက်ဆိုင်ရာ ဌာနအကြီးအကဲများမှ အောက်ခြေအထိ စိစစ်ကြပ်မတ်၍ တာဝန်ရှိသူများကို ဆုပေး၊ ဒဏ်ပေး စနစ် ဆောင်ရွက်စေရန်၊

(ဂ) ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကစက်ရုံ၊ ကုမ္ပဏီများတွင် လုပ်ငန်းခွင်အတွင်း သတ်မှတ်အချိန် တစ်ခုစီစဉ်ပေး၍ **"ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင် ရေး စီစဉ်ပေးရန်၊

(ဃ) ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းအတွက် စနစ်တကျပြသနိုင်သည့် ကာယဆရာ ဆရာမများ အပါအဝင် နည်းပြများကို အလုပ်အကိုင် အခွင့်အလမ်းတစ်ခုအနေဖြင့် အလုပ်ခန့်ထားနိုင်ရေး စီစဉ်ပေးရန်၊

( င ) ကိုယ်လက်လှုပ်ရှားမှုတွင် မသန်စွမ်းသူများ၊ ဉာဏ်ရည်မမီသူများ၊ သက်ကြီးရွယ်အိုများပါလုပ်ဆောင်နိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ပေးရန်၊

( စ ) ကာယကြံ့ခိုင်ရေး စုပေါင်းလှုပ်ရှားနိုင်သော နေရာများ ဖန်တီးပေးရေးနှင့် Outdoor Fitness ကဲ့သို့ ကိရိယာများကို အများပြည်သူတို့ လွယ်ကူစွာ ကစားနိုင်ရေး ပိုမို တပ်ဆင်ပေးရန်၊

(ဆ) လူထုစုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာ တစ်လတည်းတွင်သာမက ကျန်လများ (မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိသော လများမှအပ)တွင် လည်း တစ်ပတ်လျှင် တစ်ရက်ခန့် စုပေါင်းလမ်းလျှောက်နိုင်ရေး ကိုယ့်နယ်မြေဒေသ အခြေအနေအရ စုပေါင်းလှုပ်ရှား ဆောင်ရွက်ရန်၊

(ဇ) လူထုလမ်းလျှောက်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ခြေလျင်နှင့် တောင်တက်အသင်း အပါအဝင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ မဖြစ်မနေပါဝင်ရေး စည်းရုံးဆောင်ရွက်ရန်၊

(ဈ) ရပ်ကွက်အတွင်း ကလေးကစားကွင်းများ၊ ပန်းခြံများတွင် ဒန်း၊ လျှော၊ ပုခက်၊ ဘတ်စကက်ဘောတိုင်၊ ကွင်းများ တပ်ဆင်ထားလျက် မိသားစုများ အပန်းဖြေ၍ ကလေးသူငယ်များ ဆော့ကစားလျက် အားကစားတွင် စိတ်ပါဝင်စားလာစေရေး စီစဉ်ပေးရန်၊

(ည) မိသားစု ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မြန်မာ့အသံမှ ထုတ်လွှင့်သကဲ့သို့ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့်တွင် မိသားစုများကသာ ပါဝင်ယှဉ်ပြိုင်နိုင်သော သုံးယောက်တွဲ (3x3) ဘတ်စကက်ဘောပြိုင်ပွဲ၊ နှစ်ယောက်တွဲကျား၊မ ကြက်တောင်၊ စားပွဲတင်တင်းနစ်ကဲ့သို့သော အားကစားပြိုင်ပွဲမျိုး တီထွင်ကျင်းပပေးရန်၊

( ဋ ) အစိုးရရုံး၊ ကုမ္ပဏီ၊ ပညာသင်ကျောင်း အစ ရှိသည်တို့တွင် နိုင်ငံတော် နေ့ထူးနေ့မြတ်များ၌ အခါအားလျော်စွာ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပပေးရန်၊

( ဌ ) ပြည်နယ်၊ တိုင်းဒေသကြီး လူဦးရေ အနည်းအများ ပေါ်မူတည်၍ အနည်းဆုံး မြို့နယ်(၃၊ ၄၊ ၅)ခုတွင် ပြေးခုန်ပစ်၊ ဘောလုံး၊ဘော်လီဘော၊ ကြက်တောင်၊ ဘတ်စကက်ဘောကဲ့သို့ အိုလံပစ် အားကစားနည်း ၄၊ ၅ မျိုးကို မဖြစ်မနေ ကျင်းပရန်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အားကစားမှူးများမှ လှုံ့ဆော်စည်းရုံးဆောင်ရွက်ပေးရန်။(အား/ကာ သိပ္ပံများ လူရွေးချယ်ရေးအတွက်ပါ အထောက်အကူပြုစေမည် ဖြစ်ပါသည်။)

*စာမျက်နှာ ၁၁ သို့*

**"နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရှိစေရေးအတွက် ယခုဆောင်ရွက်နေသည့် အနေအထားမှ အောက်ပါတို့ကို ထပ်မံတိုးမြှင့်ဆောင်ရွက်ခြင်း၊ ပြုပြင်ဆောင်ရွက်မှုများကို စနစ်ကျနစွာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတကာ အားကစားပြိုင်ပွဲများအတွက် အလားအလာရှိသော အားကစားသမားများကို ရွေးချယ်ရန် ရည်ရွယ်ကျင်းပလျက်ရှိသော ပြည်နယ်၊ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို ဒေသခံအစိုးရအဖွဲ့များမှ ယခင်ခေတ်ထက် ဆုကြေးများကို ပိုမိုချီးမြှင့်နေကြသည့်အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာသည့်အလျောက် အဆိုပါ ပြိုင်ပွဲများအနက် အလေးမနှင့် စက်ဘီးကဲ့သို့သော အချို့အားကစားနည်းများတွင် ယခင်စံချိန်များကို ချိုးနိုင်ကြပြီ"**

စာမျက်နှာ ၉ မှ

ပြုစုပေးခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် အခြားလိုအပ်သော အရင်းအမြစ်များ ကူညီထောက်ပံ့ပေးခြင်း စသည့် ပံ့ပိုးကူညီမှုများကိုသာလျှင် ဆောင်ရွက်ပေးနိုင်ပါသည်။ ယခုကဲ့သို့ MCHT ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဲ့သို့ နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများ၏ အကူအညီပေးမှုများလည်း ပါဝင်နေကြောင်းကို ကြားသိရပါသည်။

နိုင်ငံအသီးသီးတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုများသည် တူညီမှုရှိသကဲ့သို့ ကွဲပြားခြားနားမှုများလည်း ရှိပါသည်။ နိုင်ငံအသီးသီးရှိ ဒြပ်မဲ့ယဉ်ကျေးမှုများကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်အတွက် ယူနက်စကိုအဖွဲ့ကြီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အထွေထွေအစည်းအဝေး၌ ၂၀၀၃ ခုနှစ်၊ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ် (2003 Convention for the Safeguarding of the Intangible Cultural Heritage) ကို ရေးဆွဲချမှတ်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

**“မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်နှင့် သနပ်ခါးကဲ့သို့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၌ မျက်မြင်အားဖြင့် အကောင်အထည်မဖော်ပြနိုင်ဘဲ မြန်မာတိုင်းရင်းသားတို့၏ နှလုံးသား၌ စွဲကျန်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ များစွာရှိပါသည်။ တစ်နည်းအားဖြင့် မျိုးဆက်တစ်ခုမှ တစ်ခုထံသို့ ယဉ်ကျေးမှုအမွေအနှစ်များကို နှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့သင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းမှတ်ရာများ ထားရှိပေး၍ဖြစ်စေ ရှေးယခင်မှ ယခုမျက်မှောက်ကာလအထိ ဆင့်ကဲဆင့်ကဲ ရောက်ရှိလာခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပေါ်ထွန်းလာခြင်းပင်ဖြစ်”**

၂၀၀၃ ကွန်ဗင်းရှင်း သတ်မှတ်ချက်အရ ဒြပ်မဲ့ယဉ်ကျေးမှုတွင် နယ်ပယ်ငါးခု ပါဝင်ပြီး

(က) ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ

( ခ ) ဖျော်ဖြေတင်ဆက်မှုအနုပညာများ

( ဂ ) လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ

(ဃ) သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာဓလေ့များ

( င ) ရိုးရာလက်မှု ပညာရပ်များ ပါဝင်ပါသည်။

ယခုမြန်မာ့ရိုးရာ အတာသင်္ကြန်ကိုသာ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ရမည်ဆိုလျှင် မြန်မာနိုင်ငံအတွက် ပထမဆုံး ယူနက်စကို ICH စာရင်းဝင်ခဲ့သည့် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုဖြစ်လာလိမ့်မည်ဖြစ်သည်။ သို့သော် ပထမဆုံးတင်သွင်းခဲ့ခြင်းတော့ မဟုတ်ခဲ့ချေ။ မြန်မာ့ရိုးရာ သနပ်ခါးကို ယူနက်စကို ICH စာရင်းဝင်အဖြစ်သို့ လျှောက်ထားရန် ၂၀၁၉ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့ကြပြီး ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လ ၃ ရက်နေ့ကတည်းက ယူနက်စကိုသို့ တင်ပြထားခဲ့သော်လည်း ယနေ့အထိ တိုးတက်မှုမရှိသေးကြောင်း သိရှိခဲ့ရပါသည်။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကဲ့သို့ပင် သနပ်ခါးဟူသည် မြန်မာလူမျိုးအများစု နေ့စဉ်လိမ်းကျံ အလှဆင်ကြသည့် ရိုးရာဓလေ့တစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်း၌သာရှိသည့် မြန်မာ့ယဉ်ကျေးမှုစစ်စစ် ဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့တိုးတက်မှု မရှိခြင်းအပေါ် ပြန်လည်သုံးသပ်၍ ပြင်ဆင်တင်ပြသင့်ပါကြောင်း အကြံပြု တင်ပြလိုပါသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်နှင့် သနပ်ခါးကဲ့သို့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၌ မျက်မြင်အားဖြင့် အကောင်အထည်မဖော်ပြနိုင်ဘဲ မြန်မာတိုင်းရင်းသားတို့၏ နှလုံးသား၌ စွဲကျန်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ များစွာရှိပါသည်။ တစ်နည်းအားဖြင့် မျိုးဆက်တစ်ခုမှ တစ်ခုထံသို့ ယဉ်ကျေးမှု အမွေအနှစ်များကို နှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့ သင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းမှတ်ရာများ ထားရှိပေး၍ဖြစ်စေ ရှေးယခင်မှ ယခုမျက်မှောက်ကာလအထိ ဆင့်ကဲဆင့်ကဲ ရောက်ရှိလာခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပေါ်ထွန်းလာခြင်းပင်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းတွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း စုစုပေါင်း ၂၂၈၉ ခုကို မှတ်တမ်းကောက်ယူပြီး ဖြစ်ကြောင်း သိရှိရပါသည်။ ယခု MCHT ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှု နည်းလမ်းများသည် မြန်မာတိုင်းရင်းသားအများစု လက်လှမ်းမီ၍ လိုက်ပါလုပ်ဆောင်နိုင်သော လုပ်ငန်းစဉ်များပင် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့တိုင်းရင်းသားမျိုးနွယ်တို့၏ မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းကြသည့် ရိုးရာဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ပြပွဲများပြုလုပ်ခြင်း၊ ပြတိုက်များတွင် ပြသခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခြင်းကဲ့သို့ နည်းလမ်းများဖြင့် ရိုးရာယဉ်ကျေးမှုကို ဆက်လက်ရှင်သန်အောင် အားပေးဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မိမိတို့၏ ဒေသနှင့် ဓလေ့ထုံးစံများအလိုက် ထိန်းသိမ်းစောင့်ရှောက်ရမည့် ဒြပ်မဲ့ယဉ်ကျေးမှုများကို ဒေသအဆင့်မှ နိုင်ငံတော်အဆင့်၊ ထိုမှတစ်ဆင့် ကမ္ဘာ့အမွေအနှစ်အဆင့် အထိရောက်အောင် တက်လှမ်းရာတွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍသည်သာ အဓိကဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဌာနဆိုင်ရာများမှလည်း ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း ဝမ်းမြောက်ဖွယ် ကြားသိရပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းသည် နိုင်ငံသားအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်သည့် အမျိုးသားရေး တာဝန်တစ်ရပ်ပင် ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် အကြံပြု တင်ပြလိုက်ရပါသည်။ ။

---

စာမျက်နှာ ၁၀ မှ

( ၃ ) ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ၌ အားကစား လှုပ်ရှားမှုများ ဖန်တီးရာတွင် စေတနာရှင်၊ ဝါသနာရှင်များပါဝင်မှသာ ထိရောက်မည် ဖြစ်သည့်အတွက် အားကစားမှူး(အငြိမ်းစား)များ၊အခြားဌာနများမှ အားကစား ကျွမ်းကျင်သူ (အငြိမ်းစား) ဝန်ထမ်းများကို စည်းရုံး ပါဝင်စေရန်၊

( ဎ ) စင်ကာပူနိုင်ငံကဲ့သို့ စွန့်ပစ်ရမည့် အားကစား ဖိနပ်များဖြင့် ပြေးလမ်းခင်းသည့် အခင်းပြားများအဖြစ် တီထွင်ခြင်းမျိုးကို အားပေး ခြင်း၊ ပြည်တွင်း အသေးစား၊ အလတ်စား MSME လုပ်ငန်းရှင်များမှ ပြည်ပထုတ် အားကစားပစ္စည်းများအစား စရိတ်သက်သာသော အားကစားပစ္စည်းများ ထုတ်လုပ်ရာတွင် ရင်းနှီးငွေ၊ ချေးငွေ မတည်ပေးခြင်း၊ အခွန်သက်သာစေခြင်း(သို့) ကင်းလွတ်ရရှိရေးနှင့် တီထွင်ထုတ်လုပ်နည်းပညာအတွက် ပြည်ပနိုင်ငံများသို့ သွားရောက် လေ့လာနိုင်ရေး နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်ပေးရန်၊

(ဏ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး ဆောင်ရွက်ချက်များ အမှန်တကယ် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးပြု၊ မပြုကို သက်ဆိုင်ရာ သုတေသီများ၊ ပညာရှင်များက စောင့်ကြည့်လေ့လာခြင်း၊ စစ်တမ်းကောက်ခြင်း အပါအဝင် သုတေသနစာတမ်းပြုစုရန်၊

ထို့ပြင် ယခင်ကျင်းပခဲ့ဖူးသော နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာရေး မျှော်မှန်းကာ ပြည်ထောင်စုနေ့အထိမ်းအမှတ် Peace Marathon ကဲ့သို့သော ပြိုင်ပွဲမျိုးကို ပြန်လည်အကောင်အထည်ဖော် ကျင်းပနိုင်မည်ဆိုပါက လက်ရှိနိုင်ငံတော်၏ လိုအပ်ချက်တစ်ရပ်ကို အားကစားဌာနက ဖြည့်စွက်နိုင်သလို ပြည်သူလူထု စိတ်ချမ်းသာ ကိုယ်ကျန်းမာစေရေးကို မုချမသွေ အထောက်အကူပြုမည်ဟု ယုံကြည်မိပါသည်။

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဗဟိုအဆင့်ကြီးမှူးကျင်းပသော ပြိုင်ပွဲများမှ အလားအလာရှိသော လူငယ်အားကစားသမားများကို နေပြည်တော်၌ စခန်းသွင်း လေ့ကျင့်ကာ စုဖွဲ့ပြင်ဆင် ဆောင်ရွက်လျက်ရှိပါသည်။ ဘောလုံးအားကစားနည်းအတွက်ကိုမူ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကသာ သီးသန့်ပြင်ဆင်လေ့ကျင့်၍ နိုင်ငံတကာပြိုင်ပွဲများတွင် ယှဉ်ပြိုင်လျက်ရှိပါသည်။

နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရှိစေရေးအတွက် ယခု ဆောင်ရွက်နေသည့်အနေအထားမှ အောက်ပါတို့ကို ထပ်မံတိုးမြှင့်ဆောင်ရွက်ခြင်း၊ ပြုပြင်ဆောင်ရွက်မှုများကို စနစ်ကျနစွာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ နိုင်ငံတကာအားကစား ပြိုင်ပွဲများအတွက် အလားအလာရှိသော အားကစားသမားများကို ရွေးချယ်ရန် ရည်ရွယ်ကျင်းပလျက်ရှိသော ပြည်နယ်၊ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ တွင် ဆုရရှိသူများကို ဒေသခံအစိုးရအဖွဲ့များမှ ယခင်ခေတ်ထက် ဆုကြေးများကို ပိုမိုချီးမြှင့်နေကြသည့်အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာသည့်အလျောက် အဆိုပါပြိုင်ပွဲများအနက် အလေးမနှင့် စက်ဘီးကဲ့သို့သော အချို့အားကစားနည်းများ တွင် ယခင်စံချိန်များကို ချိုးနိုင်ကြပြီဖြစ်၍ ပြည်နယ်၊ တိုင်းပြိုင်ပွဲများကို ကျင်းပရာတွင် အောက်ပါတို့ကို ပြင်ဆင်သင့်ပါသည်-

(က) အသက်မှန်ကန် တိကျမှုရှိရေးနှင့် အမည် ပြင်ဆင်ထားမှု၊ လူစားထိုးယှဉ်ပြိုင်မှုတို့အတွက် စစ်ဆေးခြင်းကို “လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန”မှ နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်ဆိုင်ရာ EID Software (သို့) လက်ဗွေ Scan Software နှင့် တိုက်ဆိုင်စစ်ဆေးရန်၊

( ခ ) ခန္ဓာကိုယ်အလေးချိန်နှင့် ယှဉ်ပြိုင်ရသော ဂျူဒိုကဲ့သို့ Contact games များတွင် ဝိတ်အလေးချိန်တူလျက် အသက်ကွာဟချက်များသော ပြိုင်ပွဲများတွင် အသက်နုငယ်သော ကစားသမားသည် လက်ဖျံရိုး၊ ညှပ်ရိုးကျိုး ခြင်း ဒဏ်ရာရမှု လျော့နည်းစေရန်၊ အသက်ငယ်၍ ခန္ဓာကိုယ်အလေးချိန် ကွာဟမှုနည်းသူ အချင်းချင်းပြိုင်စေရန်နှင့် အသက်ငယ်ရွယ်သော ထူးချွန်ကစားသမားများ ပေါ်ထွက်ရန် U-13, U-15,U-20 ကဲ့သို့သော သက်တမ်းအလိုက် ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးရန်၊

( ဂ ) ပြိုင်ပွဲကာလအတွင်း ဒိုင်များ ဆုံးဖြတ်ရခက်ခဲသော ရမှတ်ပေးသင့်၊ မပေးသင့် ပြဿနာအတွက် အသေးစိတ်ပြန်စိစစ်နိုင်သော Var (ဘားစနစ်) အသုံးပြုနိုင်ရေး စီစဉ်ပေးရန်၊

(ဃ) လူငယ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်ရန် အသက်လိမ်ထားသည့် ကစားသမားများကို ဖော်ထုတ်တွေ့ရှိပါက ဆက်စပ်သူများကို ထိရောက်စွာ အရေးယူရန်၊

အဆိုပါ ပြည်နယ်၊ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ အပါအဝင် အခြားအားကစားပြိုင်ပွဲများမှ ထွက်ပေါ်လာသော ထူးချွန်အားကစားသမားများကို အောက်ပါအတိုင်း ပြည်ပပြိုင်ပွဲများအတွက် စီစဉ် ဆောင်ရွက်ပေးသင့်ပါသည် -

(က) အားကစားသမားများ စားသုံးသော အစားအစာသည် ၎င်းလေ့ကျင့်နေသော အားကစားနည်းနှင့် ကိုက်ညီစေရေး ကယ်လိုရီတွက်ချက်၍ Sports Nutrition နှင့် လျော်ညီစွာကျွေးမွေးနိုင်ရေး ဆေးသုတေသနဦးစီးဌာန အပါအဝင် သက်ဆိုင်ရာပညာရှင်များမှ စစ်ဆေးနိုင်ရေး စီမံပေးရန်၊

( ခ ) လက်ရွေးစင် အားကစားသမားများ သုံးစွဲသော အားဆေးများမှာ တားမြစ်ဆေးဝါး ဥပဒေနှင့်ကင်းလွတ်သော ဆေးများ သုံးစွဲနိုင်ရေးအတွက် “မြန်မာနိုင်ငံတားမြစ်ဆေးဝါး သုံးစွဲမှုဆန့်ကျင်ရေးအဖွဲ့” ( MADO )မှ စိစစ်နိုင်ရေး စီစဉ်ပေး ရန်၊

( ဂ ) ပြည်တွင်းဖိတ်ခေါ်ပြိုင်ပွဲများ၊ ချစ်ကြည်ရေးပြိုင်ပွဲများကို အိမ်ရှင်အဖြစ် ကျင်းပလျှင် မိမိထက်အဆင့်သာသော နိုင်ငံအသင်းများကို ဦးစားပေး ဖိတ်ကြား ယှဉ်ပြိုင်စေရန်၊

(ဃ) ပြည်ပနိုင်ငံများသို့ ပူးတွဲလေ့ကျင့်နိုင်ရန် စီစဉ်ပေးရာတွင် အားကစားသမားများ Overweight မဖြစ်စေရန် အစားအစာ သုံးဆောင်မှုကို ကြီးကြပ်ကွပ်ကဲပေးရန်၊

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အားကစားပြိုင်ပွဲအုပ်စုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (A)ရုံ၌ ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

အမျိုးသမီး နှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းကမန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၃) နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၃) နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရမှတ်(၈၃-၃၀) မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို ရမှတ် (၇၉-၃၂) မှတ်ဖြင့်လည်းကောင်း၊ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ်(၉၆-၆၆) မှတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ရမှတ် (၇၀-၃၄) မှတ်ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၇၅-၂၆) မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို လေးဂိုး-နှစ်ဂိုး၊မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ငါးဂိုး-တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး - ဂိုးမရှိ၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၁၀ဂိုး-တစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကိုနှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ငါးဂိုး-တစ်ဂိုး ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက်ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ-နှစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ-နှစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊

*စာမျက်နှာ ၁၃ သို့*



ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ- မျိုးထက်ဦး



ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ- မျိုးထက်ဦး



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၀) နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့်ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် (၂၀) နှစ်အောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ– မျိုးထက်ဦး

*စာမျက်နှာ ၁၂ မှ*

အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ–နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/ (၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့က ဂိုးမရှိသရေဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့က တစ်ဖက်



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

နှစ်ဂိုးစီဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC–2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ဝန်ကြီးဌာနအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့်အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အမျိုးသားအားကစားပွဲတော်ကို ရန်ကုန်မြို့၌ ၁၉၅၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၅၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၅၇ ခုနှစ်တွင် တတိယအကြိမ် ကျင်းပခဲ့ပြီး နေပြည်တော်၌ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် ကျင်းပခဲ့ကာ ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး အားကစားသမား ၉၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်းသိရသည်။

မသန်စွမ်းရေကူး (အမျိုးသား/ အမျိုးသမီး) မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌လည်းကောင်း၊ မသန်စွမ်းမျက်မြင်စစ်တုရင်(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို လယ်ဝေးအားကစားကွင်း၌လည်းကောင်း၊ မသန်စွမ်းထိုင်လျက် ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲနှင့် မသန်စွမ်းပြေးခုန်ပစ် (အမျိုးသား / အမျိုးသမီး) ပြိုင်ပွဲများကို လယ်ဝေး TC–2 အားကစားကွင်း၌လည်းကောင်း ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို အားကစားဝါသနာရှင်ပြည်သူများ ကြည့်ရှုအားပေးကြစဉ်။

# ရွေးကောက်ခံသမ္မတထရမ့်၏ အခွန်စည်းကြပ်မှုနှင့်ပတ်သက်ပြီး ဂျပန်ကားထုတ်လုပ်သူများ စိုးရိမ်

**တိုကျို ဒီဇင်ဘာ ၄**

ဂျပန်ကားထုတ်လုပ်သူများသည် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့ကိုပစ်မှတ်ထားကာ အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်စည်းကြပ်မည့် အစီအစဉ်သစ်အပေါ် စိုးရိမ်စပြုလာကြောင်း သိရသည်။

အမေရိကန်ဈေးကွက်အတွက် အရေးကြီးသော ထုတ်လုပ်ရေးအခြေစိုက်စခန်းများအဖြစ် အဆိုပါနှစ်နိုင်ငံကို သတ်မှတ်ထားကြသည်။ တိုယိုတာနှင့် ဟွန်ဒါကားကုမ္ပဏီနှစ်ခုစလုံးသည် ကနေဒါနိုင်ငံတွင် စက်ရုံများရှိကြောင်း သိရသည်။

တိုယိုတာသည် ကနေဒါနိုင်ငံတွင် အကြီးဆုံး ကားထုတ်လုပ်သူဖြစ်ကြောင်း ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့က ပြောသည်။ ပြီးခဲ့သည့်နှစ်က ကနေဒါနိုင်ငံတွင် တိုယိုတာကားအစီးရေ ၅၂၀၀၀၀ ကျော် ထုတ်လုပ်ခဲ့ကြောင်း၊ တိုယိုတာကားကုမ္ပဏီသည် ကနေဒါထုတ်ကားအချို့ကို အမေရိကန်သို့ တင်ပို့သော်လည်း အရေအတွက်ကို ထုတ်ပြန်ထားခြင်းမရှိပေ။

ဟွန်ဒါမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီက ၂၀၂၃ ခုနှစ်တွင် ကားအစီးရေ ၃၇၀၀၀၀ ကျော် ထုတ်လုပ်ခဲ့ကာ ၇၇ ရာခိုင်နှုန်းကို နယ်စပ်ဖြတ်ကျော်ပြီး အမေရိကန်သို့ တင်ပို့ခဲ့ကြောင်း သိရသည်။ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ သွင်းကုန်အားလုံးအပေါ် ထရမ့်၏ ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှု ဖြစ်ပေါ်လာခဲ့ပါက ဂျပန်ကားထုတ်လုပ်သူများ အနေဖြင့် ၎င်းတို့၏မဟာဗျူဟာကို ပြောင်းလဲရဖွယ် ရှိနေသည်။

**အင်န်အိတ်ချ်ကေ**





# သီရိလင်္ကာနိုင်ငံက ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား သုံးသန်းဝင်ရောက်ရေး ရည်မှန်းလုပ်ဆောင်

**ကိုလံဘို ဒီဇင်ဘာ ၄**

သီရိလင်္ကာနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား သုံးသန်းကို ဆွဲဆောင်ကာ အခွန်ငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံ ရရှိရေး ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း ခရီးသွားလုပ်ငန်း ဒုတိယဝန်ကြီး ရူဝန်ရာနေ ဆင်းဟီက ဒီဇင်ဘာ ၄ ရက်တွင် လွှတ်တော်သို့ ပြောကြားသည်။

၂၀၂၄ ခုနှစ် ပထမ ၁၀ လ အတွင်း သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ၁ ဒသမ ၆၂ သန်းကျော် ဝင်ရောက်မှုရှိခဲ့ပြီး အခွန်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွား နှစ်သန်းကျော် ဝင်ရောက်ကာ ဝင်ငွေ အမေရိကန်ဒေါ်လာ သုံးဘီလီယံ ရရှိနိုင်သည်ဟု မျှော်မှန်းထားကြောင်း ၎င်းက လွှတ်တော်သို့ ဆက်လက်ပြောကြားသည်။



သီရိလင်္ကာအစိုးရသည် ၂၀၂၅ ခုနှစ်တွင် အမျိုးသားခရီးသွား လုပ်ငန်းမူဝါဒကို အကောင်အထည်ဖော်ကာ ၂၀၂၉ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား ငါးသန်းကို ဆွဲဆောင်ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ကွန်ဂိုနိုင်ငံ အနောက်တောင်ပိုင်း၌ ဇာစ်မြစ်မသိရောဂါ ကြောင့် လူပေါင်း ၇၉ ဦး သေဆုံးမှုဖြစ်ပွား

**ကင်ရှာဆာ ဒီဇင်ဘာ ၄**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အနောက်တောင်ပိုင်း ခွမ်းဂိုပြည်နယ်တွင် ဇာစ်မြစ်မသိသော ရောဂါကြောင့် လူပေါင်း ၇၉ ဦး ထက်မနည်း သေဆုံးမှုဖြစ်ပွားကြောင်း ကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၄ ရက်တွင် ပြောသည်။

**အထူးပြုတုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ထား**

ကျန်းမာရေးအာဏာပိုင်များသည် ရောဂါ၏သဘာဝကို သိရှိနိုင်ရန် အခင်းဖြစ်ပွားသည့်နေရာသို့ အထူးပြုတုံ့ပြန်ရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားကြောင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းများကို ရှောင်ကြဉ်ကြရန် ပြည်သူများကို တိုက်တွန်းထားကြောင်း သိရသည်။

အဆိုပါရောဂါသည် မကြာခဏဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ အသက် ရှူရခက်ခဲခြင်း၊ သွေးအားနည်းခြင်း စသည့်လက္ခဏာများကို ဖြစ်ပေါ်စေကြောင်း သိရသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား၌ဖြစ်ပွားသော မြေပြိုကျမှုကြောင့် အိမ်အပျက်အစီးများအောက်တွင် လူနှစ်ဦးကို သေဆုံးလျက်တွေ့ရှိ

**ဂျကာတာ ဒီဇင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားစီရန်ဂျာဒေသ၌ မြေပြိုကျမှုကြောင့် အိမ်အပျက်အစီးများအောက်တွင် လူနှစ်ဦးကို သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ (ဘီအင်န်ပီဘီ) က ဒီဇင်ဘာ ၄ ရက်တွင် ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၃ ရက်က အချိန်အတန်ကြာ မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် မြေပြိုကျမှုဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးခဲ့ကြောင်းနှင့် အခြားတစ်ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဘီအင်န်ပီဘီပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမူဟာရီက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းက အိမ်နောက်ဘက်ရှိ တောင်ပြိုကျမှုကို ဖြစ်ပေါ်စေခဲ့ပြီးနောက် အိမ်ရှိမိသားစုကိုပါ မြေမြှုပ်လိုက်သလို ဖြစ်ခဲ့ကြောင်း မူဟာရီက ပြောကြားခဲ့သည်။

အနောက်ဂျာဗားရှိ အခြားနေရာတစ်ခုဖြစ်သော ဆူကာဘူမိမြို့တွင်လည်း ဒီဇင်ဘာ ၃ ရက်မှ စတင်ကာ ဆိုးရွားဖောက်ပြန်ခဲ့သော ရာသီဥတုကြောင့် ဒေသခုနစ်ခု ရေကြီးနစ်မြုပ်ခဲ့ပြီး နေရာ ၁၄ ခုတွင် မြေပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ ထို့အတူ မြေလွှာလှုပ်ရှားမှုများ တည်နေရာလေးခုတွင်ဖြစ်ပွားခဲ့ကြောင်းနှင့် အဆိုပါနေရာများတွင် စီကမ်ဘာဒေသရှိ ဆူကာမာဂျူကျေးရွာ၊ ဘန်ဒါဂါဒေါင်းဒေသရှိ ဘန်ဒါဂါဒေါင်းကျေးရွာလည်း ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**



# ၂၀၂၄ ခုနှစ် ၁၁ လတာကာလအတွင်း အန်ကောဝပ်သို့ နိုင်ငံခြားခရီးသွားဧည့်သည် ကိုးသိန်းခန့် လာရောက်လည်ပတ်

**ဖနောင်ပင် ဒီဇင်ဘာ ၄**

ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ရှေးဟောင်းသုတေသန ဥယျာဉ်သို့ ၂၀၂၄ ခုနှစ် ၁၁ လတာ ကာလအတွင်း နိုင်ငံတကာခရီးသည် ၈၉၈၃၃၉ ဦး လာရောက်ခဲ့ကြောင်းနှင့် တရုတ်ခရီးသွားများသည် ၇ ဒသမ ၉၂ ရာခိုင်နှုန်းရှိကြောင်း အရာရှိတစ်ဦးက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားလိုက်သည်။

နိုင်ငံပိုင် အန်ကောဝပ်လုပ်ငန်း၏ အစီရင်ခံစာအရ အန်ကောဝပ်ရှေးဟောင်းသုတေသန ဥယျာဉ်သို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ တရုတ်ခရီးသွား ၇၁၁၇၆ ဦးလာရောက်လည်ပတ်ခဲ့ကြောင်းနှင့် ယင်းပမာဏသည် ၂၀၂၃ ခုနှစ်ထက် ၄၃ ဒသမ ၂ ရာခိုင်နှုန်းပိုများလာကြောင်း သိရသည်။

အန်ကောဝပ် ရှေးဟောင်းသုတေသနဥယျာဉ်သို့ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်ခရီးသွားများ အများဆုံးလာရောက်လည်ပတ်ခဲ့ပြီး တရုတ်ခရီးသွားများသည် စတုတ္ထမြောက်နေရာ



တွင်ရှိကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။

ဆီရမ်ရိပြည်နယ် အနောက်မြောက်ဘက်တွင် တည်ရှိသည့် ယူနက်စကိုစာရင်းဝင် အန်ကောဝပ် ရှေးဟောင်းသုတေသနဥယျာဉ်သည် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ၏ ထင်ရှားသော ခရီးသွားများ လာရောက်လည်ပတ်ရာ နေရာတစ်ခုဖြစ်သည်။

၄၀၁ စတုရန်းကီလိုမီတာရှိသော အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်တွင် ကိုးရာစုမှ ၁၃ ရာစုအထိရှိသော ရှေးဟောင်းဘုရားပုထိုးပေါင်း ၉၁ ဆူရှိသည်။

အန်ကောဝပ် ရှေးဟောင်းသုတေသနဥယျာဉ်ကို တိုးတက်ဖွံ့ဖြိုးအောင် ထိန်းသိမ်းကာကွယ်သည့်နေရာတွင် တရုတ်နိုင်ငံက အဓိကနေရာမှ ပါဝင်ကြောင်း အဆင့်မြင့်အရာရှိ တစ်ဦးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ပျဉ်းမနားမြို့ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူးနှင့် ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေးဌာနစိတ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၂၅)တွင်ပါရှိသည့် ဦးစားပေးနည်းဗျူဟာငါးရပ်နှင့်အညီ ၂၀၃၀ ပြည့်နှစ်တွင် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာစေရန်အထိ ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် “ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့” ဆောင်ပုဒ်ဖြစ်သည့် "Take the rights path" “အေအိုင်ဒီအက်စ်ကင်းဝေးဖို့ သာတူညီမျှ အလေးပေးလို့ အားလုံးဝိုင်းဝန်းပံ့ပိုးစို့”ဟူသောဆောင်ပုဒ်နှင့်အညီ အိပ်ချ်အိုင်ဗွီကာကွယ်ရေး လုပ်ငန်းများကို လက်လှမ်းမီရန်ခက်ခဲသောဦးတည်အုပ်စုများအပါအဝင် အိပ်ချ်အိုင်ဗွီကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်းသာတူညီမျှလက်လှမ်းမီရရှိရန်အတွက် ဦးတည်အုပ်စုဝင်များ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများအပါအဝင် အားလုံးပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအုပ်စု ဘဲကုန်းကျေးရွာရှိ ကွင်းအမှတ် ၁၆၂၃ တောင်သူဦးပြည့်ဝ၏ ၁ ဒသမ ၅ ဧကတွင် လယ်ယာ ထွန်စက်နောက်ဆွဲ အစေ့ချကိရိယာများဖြင့် ဆင်းရွှေကြာ(၂) နေကြာမျိုးကို မျိုးစေ့ချစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံကာ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် မျိုးကောင်းမျိုးသန့်များ အသုံးပြုရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဟံသာဝတီရှေးဟောင်းမြို့ရိုး ပန်းခြံအား အစဉ်သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်စေရေးဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့မဈေးကြီး သီရိဥဿာဈေးရုံကြီးရှေ့၌ ဒေသတွင်းကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများ အသား/ငါး/ဥ ဈေးနှုန်းသက်သာစွာ နေ့စဉ်ဝယ်ယူစားသုံးနိုင်ရေး ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ မြို့မဈေးကြီး သီရိဥဿာဈေးရုံကြီးရှေ့၌ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှု အားပေးခဲ့ပြီး ဈေးဝယ်သူများ၊ ဈေးရောင်းချနေသူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးအမည်စုံလင်စွာနှင့် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်ရေး၊ စည်းကမ်းတကျကုန်ပစ္စည်းများ တင်ချနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် ပြည်သူလူထု၏ အဓိကအခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီ၊ ဥ၊ အသား၊ ငါး ပြတ်လပ်မှုမရှိစေရေး ရောင်းချပေးရန် တာဝန်ရှိသူများအား မှာကြားပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့တွင် ၂၀၂၃ ခုနှစ် ဇွန် ၁၇ ရက်မှစ၍ နေ့စဉ် ရောင်းချလျက်ရှိသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်တင်ဘာ ၈ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးကြိုးပစ်ခဲ့သည့် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဂူလေးဘုရားအား ဘက်စုံပြုပြင် မွမ်းမံနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘုရားဝင်းအတွင်း ဒေသထွက်ဈေးဆိုင်ခန်းများ စနစ်တကျရောင်းချနိုင်ရေး၊ ကျူးကျော်နေထိုင်မှုမရှိစေရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟံသာဝတီရှေးဟောင်းမြို့ရိုး သိန္နီတံခါးပေါက်သို့ ရောက်ရှိပြီး ကျုံးအတွင်း ကြာပန်းများ ထည့်သွင်းရန်၊ ကျုံးပတ်လမ်းနှင့် ပန်းခြံအတွင်း အမှိုက်ပုံးများ ထားရှိရန်၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးဟောင်းမူရင်းပုံစံများ မပျက်စီးစေရေး အထူးသတိထားဆောင်ရွက်သွားရန်နှင့် ကျုံးနှင့်မြို့ရိုးကြားပန်းခြံအား အစဉ်သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်စေရေး ဆောင်ရွက်ရန် မှာကြားခဲ့ကာ ကျုံးပတ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*❖ကျောဖုံးမှ*

ထိုကဲ့သို့ ပါဝင်နိုင်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုအမွေနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းအပါအဝင် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ဖြစ်သည်။

“မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်” ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် “မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်”ကို ကမ္ဘာက ပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ၏ ပဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မကွေး ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ပဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃ ရက်က မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးက ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်သည့် အချက်အလက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇော်မိုးက မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့တစ်မြို့အဖြစ် ဖော်ဆောင်နိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဆုပေးအပ်ချီးမြှင့်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မကွေးတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော(နေရာဒေသ) ကျေးရွာဆု ချီးမြှင့်နိုင်ရေး ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပဋ္ဌမအကြိမ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ အဆိုပြုဆုံးဖြတ်ရန်အချက်များကို တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နိုးဝေက ရှင်းလင်းဆွေးနွေး တင်ပြခဲ့ပြီး တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များမှ အစည်းအဝေး ဆုံးဖြတ်ချက်များကို အကြံပြု ဆွေးနွေးခဲ့ကြကာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ သယံဇာတရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**အောင်ကို(ဖန်ခါးမြေ)**

## မအူပင်မြို့နယ်၌ အာတာလွတ် (ခေါ်) သင်ဥ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ

ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးမိုင်ကျေးရွာတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး အာတာလွတ်(ခေါ်) သင်ဥကို တစ်နှစ်လျှင် နှစ်ကြိမ် စိုက်ပျိုးကြကြောင်း၊ အာတာလွတ်(ခေါ်)သင်ဥကို ယခင်နှစ်က ဧက ၅၀ ခန့် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၆၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

အာတာလွတ် (ခေါ်) သင်ဥကို ဇွန်လတွင် စတင်စိုက်ပျိုးပြီး ငါးလကျော်အကြာ နိုဝင်ဘာလတွင် စတင်တူးဖော်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မြေပြုပြင်၍ ပင်ကြားတန်းကြား ခြောက်ပေ၊ ရှစ်ပေခြား စိုက်ပျိုးရပြီး တစ်ဧကလျှင် အပင်ရေ လေးသောင်းခန့် စိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် အာတာလွတ်(ခေါ်)သင်ဥ ပိဿာချိန် ၄၀၀ ခန့် ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဖြင့် ရောင်းချရသည့်အတွက် ငွေကျပ်



ခြောက်သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်း ရောင်းချမှုအပြင် ပုသိမ်၊ အိမ်မဲနှင့် ရန်ကုန်မြို့တို့သို့ အဓိကတင်ပို့ရောင်းချကြောင်း သိရှိရသည်။

DOCA (ရောဝတီ)

## ဓနုဖြူမြို့နယ်၌ အုန်းသီးများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ အုန်းပင်များကိုလည်း စိုက်ဧက ၁၀၁၀ ခန့် စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင်ဧက ၇၀၀ ခန့်မှ အုန်းသီးများ စတင်ထွက်ရှိကြောင်း သိရသည်။

အုန်းပျိုးပင် တစ်ပင်လျှင် ငွေကျပ် ၃၅၀၀ ဖြင့်ဝယ်ယူ၍ တစ်ဧကလျှင် အုန်းပင် ၂၀၀ ခန့် စိုက်ပျိုးရပြီး စတင်စိုက်ပျိုးချိန်တွင် သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး သုံးနှစ်သားအရွယ်တွင် အုန်းသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ တစ်လလျှင်တစ်ကြိမ် ခူးဆွတ်နိုင်ပြီး အုန်းသီးအလုံးရေ ၇၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် အုန်းသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၂၀၀၀၊ လက်လီဈေး ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချရသည့်အတွက် လက်လီဈေး ငွေကျပ် ၂၅၀၀ ဖြင့် တွက်ချက်ပါက တစ်လလျှင် ငွေကျပ် လေးသိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဓနုဖြူမြို့နယ်အတွင်း အုန်းခြစ်လုပ်ငန်း၊ အုန်းညှစ်လုပ်ငန်းများသို့ ရောင်းချမှုအပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ဓနုဖြူမြို့နယ်ထွက် အုန်းသီးများ ဈေးနှုန်းကောင်းမွန်ခြင်း၊ ဝယ်ယူမှုများပြားခြင်းကြောင့် အုန်းပင်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

DOCA (ရောဝတီ)

## စဉ့်ကိုင်မြို့နယ်၌ မုန်လာဥဖြူများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော မုန်လာဥဖြူကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

မုန်လာဥဖြူကို အောက်တိုဘာလတွင် စတင်စိုက်ပျိုး၍ ရက်ပေါင်း ၃၀-၄၀ အကြာတွင် တူးဖော်ရကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် မျှားနီတံဆိပ်နှင့် ဆင်စွယ်မုန်လာတံဆိပ်ပါ မုန်လာဥဖြူမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်ငါးသိန်းခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် မုန်လာဥဖြူ ၆၀၀၀-၇၀၀၀ ခန့်ထွက်ရှိကြောင်း၊ လက်ကားဈေး မုန်လာဥဖြူတစ်ဥလျှင် ငွေကျပ် ၂၀၀ နှင့် ငါးဥပါ တစ်စည်းလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ်ကိုးသိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းအရောက် အခင်းပြတ်လာရောက်ဝယ်ယူ၍ စဉ့်ကိုင်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး အချို့တောင်သူများမှာလည်း မန္တလေး-ကျောက်ဆည် ကားလမ်းဘေးတွင် ရောင်းချမှုများလည်းရှိကြောင်း၊ ယခုနှစ်မုန်လာဥဖြူ စတင်ထွက်ပေါ်ချိန်တွင် ဈေးကောင်းရရှိ၍ တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း သိရသည်။

DOCA (မန္တလေး)

## ပြည်မြို့နယ်၌ သခွားသီးများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ တောင်ခွေးရဲကျေးရွာတွင် သခွားသီးနှံများကို မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သခွားသီးကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် သခွား-၃၉၅ မျိုးကို စိုက်ပျိုးကြပြီး မျိုးစေ့ကိုပျိုးထောင်၍ နှစ်ပတ်အကြာတွင် စိုက်ဘောင်၌ ပင်ကြားတန်းကြား နှစ်ပေ၊ နှစ်ပေခွဲခန့်ထား၍ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ရှစ်သိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် သခွားသီး အနုအရင့်အပေါ်မူတည်၍ ခုနစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း၊ တစ်ကြိမ်ခူးဆွတ်လျှင် သခွားသီးအလုံးရေ ၁၀၀၀၀-၁၃၀၀၀ ခန့်ထွက်ရှိကြောင်း၊ ယခုအချိန်တွင် သခွားသီးများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး လက်ကားဈေး သခွားသီးတစ်လုံးလျှင် ငွေကျပ် ၁၅၀-၂၀၀ ဖြင့် ရောင်းချရသည့်အတွက် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက သခွားစိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ပြည်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် သခွားသီးဈေးနှုန်းများ ကောင်းမွန်သည့်အတွက် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း သိရသည်။



DOCA (ပဲခူး)

### ၄ - ၁၂ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၉၇၆၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၇၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၇၅၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၂၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၈၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၄၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၈၀၀၀ | ၈၃၀၅ | ၁၇၀၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၈၅၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၄၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၁၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၆၀၀ | ၈၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၁၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၁၅၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၂၅ | ၁၅၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၇၅၀၀ | ၅၃၅၀ | ၂၀၅၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၂၅ | ၁၅၅၀၀ | ၅၀၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၀၀၀ | ၅၃၅၀ | ၂၁၅၀၀ | ၂၈၅၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာအလုံး ၂၀ အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၃၁၀၂၄၈၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၃၄၄၆၆၄) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၇၄၄၇၁၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဒီဇင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဈေးအတွင်း တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းရှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၃၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာ၌ လိုင်စင်မဲ့ မော်တော်ယာဉ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ မိုင် ၀ ဖာလုံ၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၇၄၈၇၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀၀) ကို လည်းကောင်း။

ပလိပ်မြို့ Max ဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၁၇၈၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၄၅၆၆၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၇၂၅၆၇၉၄) ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ


**နေပြည်တော် ဒီဇင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာလ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Win Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် အောင်မေတ္တာရပ်ကွက်နေ ဝင်းနိုင်အား မွန်းလွဲ ၂ နာရီတွင် သံဖြူဇရပ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကလေးဝမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် ပြည်သူများ ထိခိုက်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်




**နေပြည်တော် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မထုကြီးကျေးရွာနှင့် မထုလေးကျေးရွာတို့ကို ဒီဇင်ဘာ ၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် ပြည်သူသုံးဦး သေဆုံးပြီး လေးဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် မထုကြီး ကျေးရွာအနီးဝန်းကျင်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကို အားပေးထောက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦးက လျှို့ဝှက်စွာ သတင်းပေးပို့ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်း ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိမ်မဲမြို့နယ်၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**အိမ်မဲ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မြို့နယ်ပြည်သူ့ကျန်းမာရေး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁ )ဗိုလ်မှူး အောင်သွင်စိုးက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အကြောင်းနှင့် အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က ခုခံကျဆင်းမှု ကူးစက်ရောဂါအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**အိမ်မဲ (ပြန်/ဆက်)**



## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

● *ကျောဖုံးမှ*

ပြိုင်ဘက်ဝက်စ်ဟမ်းအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ပွဲချိန်အများစု ခုခံကာကွယ်ခဲ့ရသော်လည်း တန်ပြန်ထိုးဖောက်တိုက်စစ်ဆင်မှုများမှ တစ်ဆင့်ရရှိလာသည့် အခွင့်အရေးကို အမိအရ အသုံးချကာ ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဝက်စ်ဟမ်း အသင်းသည် အသင်း ကစားသမားများ၏ အဆုံးသတ်ပိုင်း အားနည်းမှုကြောင့် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ လက်စတာအသင်းအတွက် သွင်းဂိုးများကို ဗာဒီ၊ ခန်းနေ့ဝ်နှင့် ဒါကာတို့က သွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်း အသင်းအတွက် သွင်းဂိုးကို ဖူးလ်ခရက်က သွင်းယူပေးခဲ့သည်။

အစောပိုင်းပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်က အစ်ဆွစ်ကို အကြိတ်အနယ်ကစားပြီး တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ခရစ္စတယ်ပဲလေ့စ် အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲကစားချိန် ၅၉ မိနစ်တွင် မာတီတာက သွင်းယူပေးခဲ့သည်။

**အောင်ဇော်**

# ဖားအောက်တောရဓမ္မဂရုကသာသနာလင်္ကာရ စာမေးပွဲဘွဲ့လက်မှတ်၊ အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကျင်းပ



**မော်ဘီ ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ဖားအောက်တောရဓမ္မဂရုကသာသနာလင်္ကာရ စာမေးပွဲဘွဲ့လက်မှတ်၊ အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ဖားအောက်တောရစာသင်တိုက် (မော်ဘီ) ၌ ကျင်းပသည်။

ဦးစွာ ဆရာတော်သံဃာတော် အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်း၍ ဖားအောက်တောရဓမ္မဂရုကသာသနာလင်္ကာရ စာမေးပွဲ အထူးအောင်ကိုးပါးအား အလှူရှင်များက ဘွဲ့လက်မှတ်နှင့် အောင်လက်မှတ်များ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် ဖားအောက်တောရဓမ္မဂရုကသာသနာလင်္ကာရစာမေးပွဲ အောင်မြင်တော်မူကြသော ရဟန်းသံဃာတော်များအား ရဟန်းတော်တို့နှင့် အပ်စပ်တော်မူသော ပစ္စည်းများလှူဒါန်းထားခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဩဝါဒအနုမောဒနာနှင့် ရေစက်သွန်းချတရား နာယူခဲ့ကြပြီး ဖားအောက်တောရဓမ္မဂရုက သာသနာလင်္ကာရစာမေးပွဲဖြေဆိုအောင်မြင်ကြသော စာအောင်အရှင်သူမြတ်များနှင့် စာအောင် သီလရှင်များအား စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဝင်းဇော်(မော်ဘီ)**

# ပန်းတနော်မြို့နယ်၌ ကြက်သား၊ ကြက်ဥနှင့် စားသုံးဆီများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေး



**ပန်းတနော် ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ စားသုံးသူ ပြည်သူများအတွက် ကြက်သား၊ ကြက်ဥများနှင့် စားအုန်းဆီများကို ပြင်ပပေါက်ဈေးထက် သက်သာသော နှုန်းထားဖြင့် အလှည့်ကျရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ဒေသခံအိမ်ထောင်စုများသို့ ကြက်သား၊ ကြက်ဥနှင့် စားအုန်းဆီများ ဆက်လက်ရောင်းချပေးသည်။

ထိုသို့ရောင်းချရာတွင် ရပ်ကွက်နေပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌဦးနိုင်ဝင်းဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ပြီး ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရမည်းသင်းမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဆောင်ရွက်

**ရမည်းသင်း ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်နည်းများ သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရလင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေး၊ မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြပြုလုပ်ရခြင်းနှင့် လျှပ်စစ်ကားများနှင့်စပ်လျဉ်း၍ မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ စနစ်များကို အသိပညာပေးပြောကြားပြီး မီးငြိမ်းသတ်ရေးသရုပ်ပြသခြင်း၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများဖြင့် သဘာဝဘေးသရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မီတာဖတ်ရှုနေမှုလုပ်ငန်းနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၌ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံးချုပ်မှ ဝန်ထမ်း ၂၀၀ ဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွက် မီတာဖတ်ရှုခြင်း လုပ်ငန်းနှင့် တရားမဝင်ဓာတ်အား သုံးစွဲမှု ကွင်းဆင်းစစ်ဆေး ဖော်ထုတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်စက်မှုဇုန်သို့ သွားရောက်ပြီး စက်မှုဇုန်အတွင်း ဖီဒါများအလိုက် ဓာတ်အားဖြန့်ဖြူးထားမှုနှင့် ဓာတ်အားပျောက်ဆုံးမှု အခြေအနေများ၊ စက်ရုံများရှိ ထရန်စဖော်မာနှင့် မီတာ တပ်ဆင်ထားမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင် (YESC)**

# ကျောက်တန်းမြို့နယ် ကြံပင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၄**

ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ရေးစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ကြံပင်ကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သန်လျင်ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူနှင့် တာဝန်ရှိသူများ သည် ကုမ္ပဏီတာဝန်ရှိသူများ၊ ကျေးရွာ ကုန်ထုတ်လမ်းကော်မတီ များ၊ ခေတ်မီစံပြကျေးရွာ အကောင်အထည်ဖော်ရေးကော်မတီများ၊ RBFကော်မတီများနှင့်အတူ ဒီဇင်ဘာ ၃ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ ကြံပင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း မြေသား+ဂဝံခင်းခြင်း၊ ကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ၃၈၇ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

# သထုံမြို့တွင် အလုပ်ခွင်ထိခိုက်မှု အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်း အခမ်းအနား ကျင်းပ




**သထုံ ဒီဇင်ဘာ ၄**

သထုံခရိုင် လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်၌ ထိခိုက်မှုအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက သထုံမြို့နယ် ဂေါ့ကျေးရွာ ကွင်းကူး တိုးဂိတ်အနီးရှိ ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက် ရုံးခန်း၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ် လူမှုဖူလုံရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် အကျိုးခံစားခွင့်ထုတ်ပေးရခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သထုံမြို့၌ မှတ်ပုံတင်ထားသည့် ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ အာမခံအလုပ်သမား ဦးတိုးလှိုင်၏ လုပ်ငန်းခွင်ထိခိုက်ခဲ့မှုအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၁၀၅၈၄၀၀၀ ကို ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကျိုင်းတုံမြို့၌ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၄**

ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ကျိုင်းတုံမြို့ ဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)



ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်က ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင် ပပျောက်သွားအောင် ကျန်းမာရေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ကင်းဝေးသောအနာဂတ်ကို ဖော်ဆောင်ရာတွင် ကုသရေးဝန်ဆောင်မှုများကို လူတိုင်းတန်းတူညီမျှမှု ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**




## စမ်းချောင်းမြို့နယ်ရှိ သမဝါယမအမှုဆောင်များ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ရက်တိုသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြို့နယ်သမဝါယမ ဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်းဖွင့်လှစ်သော မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ အမှုဆောင်များ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ရက်တိုသင်တန်းအမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျွန်းတောလမ်း အမှတ်(၁၆၀) မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချယ်ရီအေးနှင့် မြို့နယ်သမဝါယမအသင်းစု ဦးဝင်းတင်တို့က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်း



သို့ အခြေခံအသင်းနှင့် မြို့နယ်စုအသင်းမှ အမှုဆောင် ၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **အာကာလင်း**



## မီးခိုးမြူငွေ့အန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**တောင်ငူ ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့က ရေတာရှည်မြို့နယ်ရှိ အ.ထ.က(ခွဲ) မြောက်နန်ချွန်တွင် မီးခိုးမြူငွေ့ အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူကျော်က အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်ဆုမွန်က မီးခိုးမြူငွေ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ အမှုန်အမွှားဆိုင်ရာ ပြဿနာများ၊ လူ့ကျန်းမာရေးအပေါ်ထိခိုက်နိုင်မှုများနှင့် လေအရည်အသွေးညွှန်းကိန်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ငူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်ဦးမောင်က မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ဖြစ်ပွားနိုင်သောကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများနှင့်လိုက်နာရမည့် အချက်များကို ဆွေးနွေးပြောကြားသည်။ **ခရိုင် (ပြန်/ဆက်)**



မော်လမြိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်၊ မြို့နယ်မီးသတ် ဦးစီးအရာရှိ ဦးစိုးကျော်သူနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးကို ဒီဇင်ဘာ ၂ ရက်က စစ်ဆေးစဉ်။ ခင်စန်းမြင့် (ပြန်/ဆက်)

## ပြည်မြို့နယ်၌ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရာဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**ပြည် ဒီဇင်ဘာ ၄**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရာဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယမန်နေ့က ပြည်မြို့ ခေတ္တရာ အဝေးပြေးကားကြီးကွင်းရှိ ခရိုင်ယာဉ်လုပ်ငန်းများ ကြီးကြပ် ရေးကော်မတီရုံး၌ HIV/AIDS ရောဂါဆိုင်ရာအသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဦးစွာ ပြည်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချမ်းငြိမ်းအောင်နှင့် ပြည်ခရိုင် ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာ ချမ်းသာဇော်တို့က ဟောပြောပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် World AIDS DAY ၏ သမိုင်းကြောင်း အပါအဝင်HIV/AIDS ရောဂါနှင့် ပတ်သက်သည့် ကူးစက်မှုနည်းလမ်းများနှင့် ကာကွယ်ကုသရေးနည်းလမ်းများအကြောင်းကို အသိပညာပေး ဟောပြောခဲ့ကြသည်။ **ကိုဆက်(ပြန်/ဆက်)**






## မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

ပဲခူးမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမြင့်သူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်းရှိ ဈေးများအား မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)

**၄ - ၁၂ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၅၀၀ | ၃၅၆ | ၃၀၂၃၅၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၆၅၉၄ | ၂၁၁၀၅၉၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၅၃ | ၄၃၉၉၀၀ |
| FPB | ၁၉၅၀ | ၁၉၅၀ | ၁၅၀၃ | ၂၉၃၀၈၅၀ |
| TMH | ၂၉၅၀ | ၃၁၅၀ | ၂၉၅ | ၉၂၇၂၅၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၄၄၄ | ၇၇၀၄၀၀ |
| AMATA | ၄၅၀၀ | ၄၇၀၀ | ၂၀၅၂ | ၉၂၃၄၂၀၀ |
| MAEX | ၃၂၀၀ | ၃၂၅၀ | ၇၁၈ | ၂၃၀၅၂၅၀ |
| MADPL (PLB) | ၃၃၅၀ | ၃၃၅၀ | ၅၃၉ | ၁၈၀၅၆၅၀ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# စစ်ကိုင်းပညာရေးတက္ကသိုလ်
# ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ကျင်းပခဲ့သော အောက်ဖော်ပြပါ သက်ဆိုင်ရာ ဘွဲ့စာမေးပွဲ အသီးသီးကို ယှဉ်တွဲပါ ပညာသင်နှစ်များအလိုက် အောင်မြင်သူများသည်( ၂၃ - ၁ -၂၀၂၅ ) မှ ( ၂၂ - ၂ -၂၀၂၅ ) ရက်နေ့အထိ ကျင်းပမည့် စစ်ကိုင်းပညာရေးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ ယူရန် လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းအမှတ်စဉ် | ပညာသင်နှစ် |
|---|---|---|---|
| ၁ | ပါရဂူဘွဲ့ | အပတ်စဉ်(၁) | ၂၀၂၃-၂၀၂၄ |
| ၂ | ပါရဂူဘွဲ့ | အပတ်စဉ်(၂) | ၂၀၂၄-၂၀၂၅ |
| ၃ | မဟာပညာရေးဘွဲ့ | အပတ်စဉ်-၂၃ | ၂၀၂၃-၂၀၂၄ |
| ၄ | ပညာရေးဘွဲ့(စာ/ယူ) | အပတ်စဉ်-၂၃ | ၂၀၂၄ |
| ၅ | ပညာရေးဘွဲ့(စာ/ယူ)(EDC) | အပတ်စဉ်-၂/၂၂ | ၂၀၂၃ |
| ၆ | ပညာရေးဘွဲ့(စာ/ယူ)(EDC) | အပတ်စဉ်-၃/၂၃ | ၂၀၂၄ |
| ၇ | ပညာရေးဘွဲ့ | အပတ်စဉ်-၃၂ | ၂၀၂၃-၂၀၂၄ |

ဖော်ပြပါ ပညာသင်နှစ်မတိုင်မီက **"ဘွဲ့"** စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာလျှောက်ထားနိုင်သည်။

၂။ လျှောက်လွှာပုံစံများကို စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး၊ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ တက်ရောက်ရန် လျှောက်ထားပြီး ဘွဲ့နှင်းအခမ်းအနား တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးပါမည်။

၃။ လျှောက်ထားသူသည် (၁)လအတွင်းမြန်မာဝတ်စုံဖြင့်ရိုက်ကူးထားသော (၂ x ၁ ½ ) လက်မအရွယ် (ဓာတ်ပုံနောက်ခံအပြာနုရောင်) ဓာတ်ပုံ(၃)ပုံ နှင့် ဓာတ်ပုံ၏ နောက်ကျောတွင်အမည်၊ ခုံအမှတ်၊ မှတ်ပုံတင် အမှတ်တို့ကို ပီသစွာရေးသား၍ ကျောင်းသားမှတ်ပုံတင်ကတ်နှင့် နိုင်ငံသား စိစစ်ရေးကတ်မူရင်း၊ မိတ္တူ သတ်မှတ်ပုံစံဖြင့် ပူးတွဲလျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည်တက်ရောက်ဘွဲ့အတွက် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့အတွက် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) ဘွဲ့နှင်းသဘင်ကြေးပေးသွင်းရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် (မြန်မာထဘီ၊ အင်္ကျီ) တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ရပ်ဝေးမှပေးပို့ လျှောက်ထားလိုသူများသည် သတ်မှတ်ဘွဲ့နှင်းသဘင်ကြေးကို စာတိုက် ငွေပို့လွှာဖြင့် **"ပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်"** ထံသို့ လိပ်မူပေးပို့၍ ငွေပို့လွှာ အောက်ခြေတွင်**"ဘွဲ့နှင်းသဘင်ကြေး"** ဟုဖော်ပြပြီး၊ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲ အောင်မြင်သည့် ခုံအမှတ်၊ ခုနှစ်၊ လ နှင့် နေရပ်လိပ်စာ အပြည့်အစုံတို့ကို တိကျစွာဖော်ပြရမည်။

၇။ လျှောက်လွှာများကို ( ၉ - ၁၂ -၂၀၂၄ ) မှ ( ၃၁ - ၁၂ -၂၀၂၄ ) ရက်နေ့ထိ နောက်ဆုံး ပေးပို့ လျှောက်ထားရမည်။

၈။ ဘွဲ့ဝတ်ရုံငှားယူခွင့်ထောက်ခံစာကို ( ၂၀ - ၁ -၂၀၂၅ ) ရက်နေ့မှစ၍ မော်ကွန်းထိန်းရုံးတွင် ထုတ်ပေးမည်။

၉။ ဘွဲ့နှင်းသဘင်ကိုအောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**ကျင်းပမည့်နေ့ရက်** - ၂၃ - ၁ -၂၀၂၅ မှ
နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း
- ၂၂- ၂ -၂၀၂၅အထိ
နံနက်ပိုင်းနှင့်မွန်းလွဲပိုင်း

**ကျင်းပမည့်အချိန်** - နံနက်ပိုင်း(၉:၀၀)နာရီ၊မွန်းလွဲပိုင်း(၁၄:၀၀)နာရီ

**ကျင်းပမည့်နေရာ** - စစ်ကိုင်းပညာရေးတက္ကသိုလ်၊စစ်ကိုင်းမြို့။

၁၀။ အသေးစိတ်သိလိုပါက ဒု-ဌာနမှူး (သင်တန်းရေးရာ) ၀၉-၇၉၇၉၉၆၃၅၈၊ မော်ကွန်းထိန်း (စာမေးပွဲနှင့်ဘွဲ့နှင်းဌာန) ၀၉-၄၀၃၇၁၈၄၁၅၊ နှင့် လက်ထောက်မော်ကွန်းထိန်း (စာမေးပွဲနှင့်ဘွဲ့နှင်းဌာန) ၀၉-၄၄၄၀၃၃၈၅၁ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**ပါမောက္ခချုပ်(ကိုယ်စား)**
**(ဒေါက်တာအေးဆွေဇင်စိုး)**
**ဒု-ဌာနမှူး၊သင်တန်းရေးရာဌာန**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ မြို့မ(၂)ရပ်၊ ငွေစိန်ခြယ်လမ်းနေ (ဘ)ဦးညီညီမောင်၏သမီး ဒေါ်လင်းသဥ္ဇာမောင် ၆/မမန(နိုင်)၂၂၀၁၅၆ နှင့် မြိတ်တောင်ကျေးရွာအုပ်စု ရာပြည့်ရပ်ကွက်(၂)လမ်းနေ (ဘ)ဦးအောင်ကျော်ဝင်း၏သား ဦးနိုင်မင်းသူ ၆/မမန(နိုင်)၁၈၆၁၆၄ တို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လာခဲ့ရာမှ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် နှစ်ဖက်လူကြီးများရှေ့မှောက်တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးနိုင်မင်းသူမှ ဇနီးဖြစ်သူ ဒေါ်လင်းသဥ္ဇာမောင်အား နစ်နာကြေးအဖြစ် ကျပ်သိန်း(၁၀၀၀၀၀၀၀/-) ကျပ်သိန်းတစ်ရာတိတိကို ပေးမည်ဖြစ်ကြောင်း ၎င်းတို့မှ နှစ်ဦးသဘောတူကွာရှင်းသွားမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိပြီး ဖော်ပြပါနစ်နာကြေးငွေအား ရပ်ကွက်ရာအိမ်မှူးများနှင့် ရပ်မိရပ်ဖ၊ နှစ်ဖက်မိသားစုများရှေ့၌ ၂၄-၁၁-၂၀၂၄ ရက်တွင် ပေးဆောင်ခဲ့ပြီး အဆိုပါနေ့ရက်တွင် ၎င်းတို့နှစ်ဦး၏သဘောဆန္ဒအတိုင်း နှစ်ဦးသဘောတူကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ သို့ပါသဖြင့် ကျွန်တော် ဦးနိုင်မင်းသူနှင့် ဒေါ်လင်းသဥ္ဇာမောင်တို့သည် မိမိတို့၏သဘောဆန္ဒများအတိုင်း နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်၍ ကွာရှင်းသည့်နေ့ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး တရားဝင်ဇနီး/ခင်ပွန်းများအဖြစ်မှ လုံးဝပတ်သက်စပ်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်မင်းသူ**

## မိဘအမည်မှန်

မြိတ်မြို့၊ အမက၊ အိုးလုပ်ပြင်ကျောင်း၊ Grade-4 မှ မယွန်းမီမီဟန်၏ မိဘအမည်မှန်မှာ မှတ်ပုံတင် စာရင်းအရ ဦးညီထွေးနှင့် ဒေါ်ခင်မြတ်သူဇာ ဖြစ်ပါကြောင်း။

**ဦးညီထွေး၊ ဒေါ်ခင်မြတ်သူဇာ**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၁၂-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် ၇/ပမန(နိုင်)၀၈၇၈၈၂ အစား ၇/ဖမန(နိုင်)၀၈၇၈၈၂ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

ဦးညွန့်ရွှေ၏သား ဦးမိုးညွန့် ၁၂/တတန(နိုင်)၁၅၄၄၁၄ ၏ ပတ်စ်ပို့ နံပါတ် MB 619071မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၀၂၂၆၅၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၁၂

ဒေါ်နှင်းဝေ **နှင့်** ဦးစိုင်းအိုက်အောင် (ခ) ကျော်မြင့်

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ ပညာဝတီလမ်း၊ ပညာဝတီအိမ်ရာ၊ အခန်း (၁၀၂/ဘီ) နေ ဦးစိုင်းအိုက်အောင်(ခ)ကျော်မြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ထိမ်းမြားမှုကိုပယ်ဖျက်ကြောင်း ကြေညာပေးစေလိုမှုနှင့် လင်မယားကွာရှင်းပေး စေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် (၂) ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၂)ရေပုန်းကွင်း၊ ဦးပိုင်အမှတ် (၆၀/၄၀)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၄၈၇/၁၉၉၉-၂၀၀၀ အရ ဦးဝင်းကြည် အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန် အမည်ပေါက်သူ ကွယ်လွန်ခဲ့သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်ကြူထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၅၈/၂၀၂၃) ဖြင့် ဦးတင်ဘီး(ခ)ဦးတင်ပုမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးတင်ဘီး(ခ) ဦးတင်ပု ၆/မအရ(နိုင်)၀၂၈၁၀၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ဦးကျော်ကျော်ခိုင်နှင့်အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၂)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ(၀ဒသမ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးကျော်ကျော်ခိုင်(တသ) ထံမှ ကျွန်တော် ဦးကျော်ဇင်မြင့်မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုသည့်အချိန်၌ လိုက်ပါဆောင်ရွက်ပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၁၂-၁၂-၂၀၂၄)ရက်နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကျော်ကျော်ခိုင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဇင်မြင့်**
**၈၂လမ်း၊ ၃၃x၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉- ၂၀၂၃၅၁၈**

## မိုင်စန္ဒာမိုး(၈/တတက(နိုင်)၁၄၆၂၁၈)နှင့်အများသိစေရန်ကြေညာခြင်း

သထုံခရိုင်၊ ပေါင်မြို့၊ ရှုမဝလမ်းထိပ်(BOC)ဟောင်းအနီး၊ ရပ်ကွက်(၄)၊ အမှတ်(၂၁၈)နေ မင်းသန့်ဇင်အောင် (၁၀/ပမန(နိုင်)၁၅၄၅၆၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

မင်းသန့်ဇင်အောင်နှင့် မိုင်စန္ဒာမိုးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၂၁-၄-၂၀၁၈)မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ နောက်ပိုင်းတွင် မိုင်စန္ဒာမိုးသည် မင်းသန့်ဇင်အောင်အား အကြောင်းမဲ့ စွန့်ပစ်ခဲ့ပြီးသုံးနှစ်ကျော်သည်အထိ အဆက်အသွယ်ပြုလုပ်ခြင်း၊ လင်မယားအဖြစ်လာရောက်ပေါင်းသင်းနေထိုင်ခြင်း၊ မယား ဝတ္တရားနှင့်အညီ ပြုမူဆောင်ရွက်ခြင်းများလုံးဝမရှိခဲ့ပါ။ ထို့ကြောင့် စွန့်ပစ်ခြင်းခံရသူ မင်းသန့်ဇင်အောင်အနေဖြင့် စွန့်ပစ်သူ မိုင်စန္ဒာမိုးကို ဇနီးမယားအဖြစ်ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါကြောင်း မိုင်စန္ဒာမိုး (၈/တတက(နိုင်)၁၄၆၂၁၈) နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ မင်းသန့်ဇင်အောင်အနေဖြင့်"မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ"မိုင်စန္ဒာမိုးနှင့် လင်မယားအဖြစ်မှပြတ်စဲကြောင်း တရားဝင်ဆန္ဒဖော်ထုတ်ပြီးဖြစ်၍ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စရပ်များနှင့် မသက်ဆိုင်ကြောင်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီသီဝင်း(LL.B) (စဉ်-၁၃၇၅၀) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း - ၀၉-၄၂၅၂၇၇၁၃၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကျွန်ုပ်တို့၏ မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂၆/ခ)၊ မြေကွက်အမှတ် (၂၅)၊ မြေဧရိယာ(၀ဒသမ၀၅ ၅)ဧက၊ (၄၀ပေ x ၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂၅)၊ ရတနာသိင်္ခလမ်း၊ ကေရာဇ်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် ၁-ထပ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းမောင်(ဘ)ဦးကွိန် (၁၂/မဂဒ(နိုင်)၀၄၃၀၉၀)၊ အမှတ်(၂၅)၊ ရတနာသိင်္ခလမ်း၊ ကေရာဇ်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆)**
**ဖုန်း-၀၉-၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)**
**ဖုန်း-၀၉-၂၅၄၄၈၈၃၃၀**

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး**

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## အားကစားနှင့် ကာယပညာဦးစီးဌာန
## ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန
## စစ်တွေမြို့၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်နယ်အထွေထွေပိုလျှံ ရန်ပုံငွေ(GRF)ဖြင့် တည်ဆောက်မည့် အောက်ဖော်ပြပါလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စီမံကိန်းလုပ်ငန်းအမည် |
|---|---|
| (က) | စစ်တွေမြို့၊ ဓညဝတီအားကစားခန်းမ ပြုပြင်ခြင်းလုပ်ငန်း |

၂။ တင်ဒါလျှောက်လွှာများကို ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးတွင် (၅-၁၂-၂၀၂၄) ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ (၁၉-၁၂-၂၀၂၄)ရက် ညနေ (၄:၃၀)နာရီ နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

**ဖုန်း-၀၄၃-၂၁၂၄၅**
**ရခိုင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**
**စစ်တွေမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၁ နှင့် ၅)
## ပြင်ဦးလွင်မြို့နယ် တရားရုံးတော်
## ၂၀၂၄ခုနှစ်၊တရားမကြီးမှုအမှတ် -၅၉

ဒေါ်သီတာလွင် **နှင့်** ဦးတင်ခိုင်

**တရားလို** **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ ဦးပိုင်အမှတ် (၁၄၃)၊ မ-၂ ရပ်နေ တရားပြိုင် ဦးတင်ခိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သီတာလွင်က မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၉ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## အမည်ပြောင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.မ.က (ကမာကေး-မြောက်)၊ ကျောင်းတွင် ပညာသင်ကြားနေသော (ဘ)ဦးသိန်းထွန်း၏သမီး မစုစုစန္ဒီ(Grade-3)အား ယနေ့မှစ၍ မဆုကြယ်ဖြူထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုကြယ်ဖြူထွန်း**

## မိခင်အမည်မှန်

ဒိုက်ဦးမြို့နယ်၊ အထက (သပြေတန်း) Grade-3 မှ မဆုပြည့်ရတီလင်း၏ မိခင် အမည်မှန်မှာ ဒေါ်ဇာခြည်လင်း ၇/ဒဥန(နိုင်)၁၃၈၈၀၃ ဖြစ်ပါကြောင်း။

**ဒေါ်ဇာခြည်လင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/34922 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/34922, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးယာလို ၁၃/ကတန(နိုင်)၁၁၆၇၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တာချီလိတ်)**

## ရွှေမြင်တင်တောင်တော်မြတ်ဂေါပကအဖွဲ့
## ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
## ကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ စံပြမြင်းနားကျေးရွာအုပ်စု၊ နိုင်ငံတော်ဂေဇက်ဝင်(၁၂၅)ကြိမ်မြောက် ရွှေမြင်တင်တောင်တော်မြတ် ဗုဒ္ဓပူဇနိယပွဲ တော်ကြီးကို (၁၃၈၆ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်ထိ) စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသည်။

သို့ပါ၍ ပွဲတော်အတွင်း လုပ်ငန်းများအားလုံးလေလံပွဲကို ကျင်းပသွားမည်ဖြစ်ပါ၍ လေလံဆွဲမည့်သူများ၊စိတ်ဝင်စားသူများလေလံဆွဲနိုင်ရန် အသိပေးအပ်ပါသည်။

အသေးစိတ်သိလိုပါက ဖုန်း - ၀၉၂၁၇၃၃၈၂၊ ရမည်းသင်းမြို့နယ် စံပြမြင်းနားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင် ဖုန်း - ၀၉၇၇၆၆၂၀၀၃၃ နှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ငွေး ဖုန်း - ၀၉၇၈၁၅၆၆၅၃၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေမြင်တင်တောင်တော်မြတ်ဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် (၁၇၁/အေ) တွင် နေထိုင်သူ ဦးကိုကိုကြီး (ခ) မောင်ခွေး (ဘ) ဦးလင်ဘင်စိန် (၁၂/ပဘတ (နိုင်) ၀၂၆၂၈၆) က ဦးသန်းဦး (ဘ) ဦးမောင်ရွှေ (၁၂/မရက(နိုင်)၀၂၁၁၈၁)သို့ ရန်ကုန်မြို့စာချုပ် စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၄၉၉/၂၀၁၉ (၁၀-၆-၂၀၁၉)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပေးအပ်ခဲ့ကြပါသည်။ ယခုအခါ အဆိုပါအထွေထွေ ကိုယ်စားလှယ်လွှဲစာမှာ အသုံးပြုရန်မလိုအပ်တော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ (စဉ်/၇၅၁၅) |
| ဖုန်း ၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် (၁၇၁/အေ)တွင် နေထိုင်သူများဖြစ်ကြသော ဦးကိုကိုကြီး(ခ)မောင်ခွေး(ဘ)ဦးလင်ဘင်စိန် (၁၂/ပဘတ(နိုင်)၀၂၆၂၈၆)နှင့် ဦးမင်းအောင် (ဘ)ဦးမွန်တစ် (၁၂/ကမတ(နိုင်)၀၅၀၉၉၄)တို့က ဒေါ်စမ်းသီတာ (ဘ) ဦးနိုင်ဟင်ချွမ် (၁၄/ပသရ(နိုင်)၀၀၁၄၉၆)သို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၀၄၀/၂၀၁၆(၂၅-၄-၂၀၁၆)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပေးအပ်ခဲ့ကြပါသည်။ ယခုအခါ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာမှာ အသုံးပြုရန်မလိုအပ်တော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL) | ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ Z&F Private School Grade-5 မှ မသံစဉ်ချို၏ ဖခင်အမည်မှန်မှာ MOHAMED FAROOF (၇/တငန(ပြု)၀၀၂၀၆၅) ဖြစ်ပါကြောင်း။

## အမည်မှန်

ပြင်ဦးလွင်မြို့၊ ဆင်လမ်းရွာ သာယာကျေးရွာနေ (ဘ) ဦးသိန်း၏သား ဦးဝိုင်းချစ်၏ အမည်မှန်မှာ ဦးချစ်ဝိုင်း ၉/ပဥလ(နိုင်)၀၂၄၀၇၂ ဖြစ်ပါကြောင်း။

**ဦးချစ်ဝိုင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄ူတိုးချဲ့၊ မြေကွက်အမှတ်-၁၅၊ ဧရိယာ(၄၈၀၀ စ/ပေ)၊ မြေအမျိုးအစား-နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၅)၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာ(၄ူ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်သည် မြို့မြေစာရင်းတွင် ဦးဇေယျာကို ၁၂/အစန(နိုင်)၁၅၉၀၁၈အမည်ပေါက်လျက်ရှိပြီး ဖခင်ဦးဇေယျာကိုနှင့် မိခင်ဒေါ်မြမြသန်းတို့ အသီးသီးကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားများဖြစ်သည့် ဦးဇော်ဇော်မင်းထွန်း ၁၂/အစန(နိုင်) ၁၅၀၇၀၂နှင့် ဦးဖြိုးဖြိုးမင်းထွန်း ၁၂/အစန(နိုင်)၁၇၈၃၉၀တို့က ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြော ဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက် ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/83943, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ Shwe War Yaung Co., Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15W/82001, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်မျိုးဦး ၈/မဘန(နိုင်)၀၀၁၅၃၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/89715 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူရ ၇/တငန(နိုင်)၁၇၁၉၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ကြော်ငြာစာ
## အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများအက်ဥပဒေပုဒ်မ-၇
## လှည်းကူးခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၂
## အရွယ်မရောက်သေးသူများဖြစ်သော
## မောင်အံ့ထူးခန့်နှင့်မောင်ကောင်းမြတ်ဟိဏ်းတို့၏ကိုယ်နှင့်ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

**ဒေါ်ခိုင်ရွှေဇင်မြတ်** — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ ဌက်ပျောတော (၅)လမ်း၊ အမှတ်(၁၄၅)၌ နေထိုင်ခဲ့သော အရွယ်မရောက်သေးသူများဖြစ်သည့် မောင်အံ့ထူးခန့်နှင့် မောင်ကောင်းမြတ်ဟိဏ်းတို့၏ ကိုယ်နှင့်ပစ္စည်းများကို အုပ်ထိန်းခွင့်ပေးပါမည့်အကြောင်း ဒေါ်ခိုင်ရွှေဇင်မြတ်က အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူများ အက်ဥပဒေအရလျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်၊ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည်ဟု အဆိုရှိသူခပ်သိမ်း တို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်) နံနက်(၁၀း၀၀) နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စား လှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အရွယ်မရောက်သေးသူများ၏ ကိုယ်နှင့်ပစ္စည်းများကိုအုပ်ထိန်းခွင့်လက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူများ အက်ဥပဒေပုဒ်မ- ၁၁ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သောဒေါ်ခိုင်ရွှေဇင်မြတ်၏ လျှောက်လွှာအပေါ်၌စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ (၄) ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်သီတာ)**
**ဒုတိယခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် ၆၀၃-က၊ ဦးပိုင်အမှတ် (၃)၊ စစ်ကိုင်း-မန္တလေးကားလမ်းအရှေ့ဘက် စန္ဒမုနိဘုရားတောင်ဘက်လမ်းရှိ ဒေါ်သီတာဦး၊ ဦးအောင်ကိုကိုမောင်၊ ဦးအောင်ကျော်ထူး အမည်ပေါက် ဂရန်မြေကွက်အား မြေကွက်အမည်ပေါက်သူများအနက် ဦးအောင်ကိုကိုမောင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၄၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ပူးတွဲအမည်ပေါက်သူနှင့် ယောင်းမဖြစ်သည့် ဒေါ်သီတာဦး ၉/အမရ(နိုင်)၀၀၂၇၇၉၊ ဦးအောင်ကျော်ထူး ၉/အမရ(နိုင်)၁၁၀၅၃၇၊ ဒေါ်ချိုချိုသက် ၅/မမန(နိုင်)၀၅၉၁၁၃တို့က အမှုတွဲအမှတ် (၅၂၄၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သရဖီလမ်း၊ ရှုခင်းသာအိမ်ရာ၊ တိုက်အမှတ်(အေ-၉)၊ အခန်း (၄၀၈)၊ ဧရိယာ(၉၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးတင်ထူးအောင် (၁၂/ဥကတ(နိုင်)၂၀၃၅၀၆)မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်သက်ထားဦး (၁၂/လသယ(နိုင်)၀၃၆၇၆၅) မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သက်ထားဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေမျိုးနိုင် (LL.B,WIPO-Switzerland)**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၁၉၈)**
**အမှတ်(၂၂၉)၊ သရဖီလမ်း၊ (၁၄/စီမံကိန်း- ၁)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉- ၇၅၆၀၂၁၉၇၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅ သမိုင်း၊ မြေကွက်အမှတ် ၁၃၊ ဧရိယာ ၀.၀၃၉ဧကေ၊ မြေကွက်တည်နေရာအမှတ် (၁၂)၊ ဦးဘဟန်လမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဦးကျော်သိန်း) အမည်ပေါက် A-ရွာမြေ (အိမ်ရာမြေ) မြေကွက်၏ အစိတ်အပိုင်း၊ ဧရိယာ ၀.၀၃၉ဧကေရှိ မြေကွက်ကြီးအနက်မှ အလျားပေ ၂၀xအနံပေ ၇၀ အကျယ်ရှိ မြေကွက်အား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၃၂/၂၀၁၈ဖြင့် ဦးကျော်သိန်းနှင့် ဒေါ်မမကြီးတို့အား တရားပြိုင်ထားရှိပြီး ဒေါ်လှလှစိန်(ခ)ချန်ဗီစိန်(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးကျော်လှိုင်(ခ)အင်စစ်ကျန်)မှ တရားလိုပြုလုပ်၍ မြေကွက် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ ၉-၇-၂၀၁၉ရက်တွင် အနိုင်ဒီကရီရရှိခဲ့ပြီး မရမ်းကုန်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၇၂/၂၀၂၂ (၂၀-၄-၂၀၂၂)အရ တရားရုံးများကိုယ်စား မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် ခန့်အပ်ခြင်းခံရသူ ဒေါ်ခင်နှင်းရီ(ဘီလစ်) (၁၂/မရက(နိုင်) ၁၅၃၈၂၆)မှ တရားရုံးအနိုင်ဒီကရီ အထောက်အထား၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ တရားရုံးအရာရှိ ခန့်အပ်ကြောင်း အကြောင်းကြားစာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ တရားပြိုင် (၂) ဒေါ်မမကြီး ဝယ်ယူထားခဲ့သော အရောင်းအဝယ်စာချုပ်အမှတ် ၆၂၈/၈၁ (၇-၁၀-၁၉၈၁) လက်ခံအမှန်တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး Portion လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်သတ်မှုမရှိသော တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ အထွေထွေ ပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် ကျပ်သန်း ၂၀၀ အထက်လုပ်ငန်း(၁)ခု (Lot-၁ခု) အတွက် ကန့်သတ်မှုမရှိသောတင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ် အပ်ပါသည်။

၂။ တင်ဒါပုံစံများအား အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) **ရောင်းချမည့်ရက်** | - | ၄-၁၂-၂၀၂၄ရက်မှ ၁၇-၁၂-၂၀၂၄ရက်အထိ |
| (ခ) **နေရာ** | - | ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စစ်တွေမြို့ |
| (ဂ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** | - | ၁၇-၁၂-၂၀၂၄ရက် ညနေ ၁၆၀၀ နာရီ |

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး ဦးအောင်ကျင်ဆန်း (လက်ထောက်ညွှန်ကြားရေးမှူး)ဖုန်း-၀၉-၃၆၅၇၀၁၁၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်နယ်အစိုးရအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၄၁(က) စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ် (၂၂-က)၊ မြေဧရိယာ ၀ ဒသမ ၀၆၉ ဧကအား တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၁၉.၁၂.၁၉၈၉) ရက်စွဲပါစာအမှတ်၊ ၅၄၀/၅-၄/တ၀တ အရ လုပ်ငန်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်နှင့် ခြံလုပ်သားများနေထိုင်ရန် အိမ်ရာမြေအဖြစ် အသုံးပြုရန် ဦးရှမ်းဝင်းအား လ/န(၃၉)အမိန့် ခွင့်ပြုချထားပေးခဲ့ပြီး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း၏ အထွေထွေ ကိုယ်စားလှယ်ရရှိသူ ဦးထင်ကျော်အောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၆၇/၂၀၂၄) ဖြင့် ဦးသူရစိုး၊ ဒေါ်ထက်ထက်အေးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန် (အသစ်)လျှောက်ထားနိုင်ရေး ဦးသူရစိုး ၆/မမန(နိုင်)၁၄၄၇၂၈၊ ဒေါ်ထက်ထက်အေး ၆/တသရ(နိုင်)၀၄၅၉၈၅ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အသိပေးကြေညာခြင်း

ကျွန်တော်များ Progress Myanmar (PM) Co.,Ltd.၏ ၃၀-၁၁-၂၀၂၄ ရက်တွင် ကျင်းပပြုလုပ်သည့် ရှယ်ယာရှင်အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ အစုရှယ်ယာများအား ၅၀၀၀ စုမှ ၂၀၀၀ စုထိ လျှော့ချထားပါကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်(၆)၊ အကွက်အမည်(ဈေးအကွက်)၊ (ဦးပိုင်အမှတ် ၂၃၄^က^)၊ မြေချိန်ဧရိယာ(၀ဒသမ၀၁၅)ကေကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်အေးအေးမွန်မှ လျှောက်ထားလာသည့်အတွက် ယင်းအမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ကိုးသောင်း တိုးချဲ့-၂၊ ဦးပိုင်အမှတ် (၁၂၂၊ ၁၂၃၊ ၁၂၄)မှ မြေဧရိယာစုစုပေါင်း (၀ဒသမ၁၆၅)ကေရှိ မြေကွက်သည် မူလတွင် ဦးဘိုရင် အမည်ဖြင့် (၂၂-၈-၂၀၂၄)မှ (၂၁-၈-၂၀၃၄)ထိ (၁၀)နှစ် မြေငှားဂရန် ရရှိထားရာမှ အဆိုပါမြေကွက်(၃)ကွက်အနက် ဦးပိုင်အမှတ် (၁၂၂)မှ မြေဧရိယာ(၀ဒသမ၀၅၅)ကေကို ဦးဘိုးရင်သည် (၃၀-၁၀-၂၀၂၄)ရက်တွင် ဒေါ်တင်တင်ခိုင်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်ချုပ်ဆို၍ လွှဲပြောင်းရောင်းချပြီး ဖြစ်ပါသောကြောင့် မြေကွက်ဝယ်ယူသူအမည်ဖြင့် ဦးပိုင်ခွဲ/မြေငှားဂရန်အမည်ပြောင်းရရှိရေး လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ( ၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၄၁(က)၊ စုံခေါင်းကော်ပတ်တောကွင်း၊ မြေကွက်အမှတ်(၂၂-ခ)၊ မြေဧရိယာ(၀ဒသမ၀၆၄) ဧကအား တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၁၉-၁၂-၁၉၈၉)ရက်စွဲပါစာအမှတ် ၅၄၀/၅-၄/တ၀တ အရ လုပ်ငန်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်နှင့် ခြံလုပ်သားများနေထိုင်ရန် အိမ်ရာမြေအဖြစ်အသုံးပြုရန် ဦးရှမ်းဝင်း အား လ/န(၃၉)အမိန့် ခွင့်ပြုချထားပေးခဲ့ပြီး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးထင်ကျော်အောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၆၆/၂၀၂၄)ဖြင့် ဒေါ်စမ်းစမ်းလွင်၏ အထွေထွေ ကိုယ်စားလှယ်ရရှိသူ ဦးကျော်နိုင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန် (အသစ်) လျှောက်ထားနိုင်ရေး ဒေါ်စမ်းစမ်းလွင် ၆/မအရ(နိုင်)၀၈၄၂၃၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ရုံးသုံးစာရေးကိရိယာ Paper A4(100g)၊ ဆေးပစ္စည်း (၆)မျိုးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် Fogging Machine အရေအတွက် (၈၀)ခုနှင့် Grass Cutter အရေအတွက် (၆၃) ခုတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင် ထားသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနၛ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါအမှတ်** – Tender.16. Stationery (2024–2025)
– Tender.17. Medical Supplies (2024–2025)
– Tender.18. Equipment (2024–2025)

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** – ၆-၁၂-၂၀၂၄ ရက်နေ့
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** – ၁၉-၁၂-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဝယ်ယူ ဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံး၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃၉

ဒေါ်ခင်မြင့်မြင့် နှင့် ဦးနာဇီ(ခ)ဦးသန်းနိုင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၇/ ရပ်ကွက်၊ ဂန္ဓာရုံလမ်း၊ အမှတ်(၂၁၁)နေ တရားပြိုင် ဦးနာဇီ(ခ)ဦးသန်းနိုင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်(၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ် ၂၃၊ ဦးပိုင်အမှတ် (၄၀/ခဲစင်း)၊ ၇x၈လမ်းကြား၊ ၇၃x၇၆ လမ်းကြားရှိ ဦးမောင်ညို အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား မြေကွက်အမည်ပေါက်သူ ဦးမောင်ညို ဇနီး ဒေါ်ငွေ၊ ဖခင် ဦးထွန်းထွန်းမြင့်၊ မိခင် ဒေါ်ခင်မာရီတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၈၃၁/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ပန်းအိဖြူ ၉/အမဇ(နိုင်)၀၃၈၈၄၇က ဦးပိုင် ၄၀(ခဲစင်း) မြောက်ဘက်ခြမ်းအား အမှုတွဲအမှတ် (၅၂၃/၂၀၂၄-၂၀၂၅) ဖြင့် အမျိုးစားပြောင်း၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ထူပါရုံရပ်ကွက်၊ ထူပါရုံ(၁၇)လမ်းအနောက်၊ အမှတ်(၇၇၁)၊ မြေပေါ်တွင် ဆောက်လုပ်ထားသော ပဉ္စမထပ်၊ (၆-လွှာ)၊ ခေါင်းရင်းခြမ်း၊ အလျား(၁၇)ပေxအနံ(၅၄)ပေ အကျယ်အဝန်း ရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်များအား ရောင်းချသူ ဒေါ်ဟေသူစိုးလင်း ၁၂/မရက(နိုင်) ၁၄၃၆၉၉မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိန်းဇော်မင်း ၇/ပတတ(နိုင်) ၁၁၂၅၉၅ မှ ဝယ်ယူရန် သဘောတူညီခဲ့သည့်အလျောက်(၃-၁၁-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်(၁၀)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် LL.B,Diploma in Business Law**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၇၅)၊ ဗမ္ဗူသီရိ(၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၆၁၁၃၀၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းအိမ်ရာ၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၈)၊ အရပ်အခေါ်(၅လုံးတန်း)၊ တိုက်အမှတ်(၁၅၅)၊ အခန်းအမှတ်(၁) ဒေါ်စန်းနွယ် အမည်ပေါက် တိုက်ခန်းအား တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူဟုအဆိုရှိသူ တိုက်ခန်းပိုင်ရှင် ဦးဆန်နီ(ခ)ရဲအောင်ကျော် (ဘ)ဦးကျော် (၁၂/ရကန(နိုင်)၀၀၄၇၅၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ဥပဒေအရ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
